# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily

**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၆ ရက်၊ တနင်္လာနေ့ အတွဲ (၆၅)၊ အမှတ်(၀၀၆)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရန်ကုန်တိုင်းဒေသကြီး သီတင်းကျွတ်ဈေးရောင်းပွဲတော်တွင် ပြည်တွင်းဒေသထွက် ထုတ်ကုန်များကို ရောင်းချပေးလျက်ရှိရာ ဝယ်ယူအားပေးကြသူများဖြင့် စည်ကားလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅ ခုနှစ် သီတင်းကျွတ်ဈေးရောင်းပွဲတော်ကို ယနေ့နံနက်ပိုင်းမှစတင်ကာ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဒုတိယနေ့အဖြစ် ဆက်လက်ပြသရောင်းချလျက်ရှိရာ ဝယ်ယူအားပေးကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဈေးရောင်းပွဲတော်တွင် စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ စက်မှုထုတ်ကုန်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းများနှင့် အစားအစာအရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများအပါအဝင် ဈေးဆိုင်ခန်းပေါင်း ၆၂၀ ကျော်တွင် ပြည်တွင်းထုတ်ကုန်ပစ္စည်းများဖြစ်သည့်အဝတ်အထည်များ၊ စားသောက်ကုန်များ၊ အလှမွေးငါးများ၊ အိမ်မွေးတိရစ္ဆာန် တွားသွားသတ္တဝါများ၊ မြန်မာ့သနပ်ခါးများကို ခင်းကျင်းပြသရောင်းချလျက်ရှိသည့်အပြင်

*စာမျက်နှာ ၅ ကော်လံ ၁* ❖



## ကျောက်မဲမြို့တွင် ပြည်သူ့ဆေးရုံ(ယာယီဆေးရုံ)အား ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ကျောက်မဲမြို့၌ အစိုးရအုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ မြို့ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို ဒေသခံပြည်သူလူထုနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကျောက်မဲခရိုင် ကျောက်မဲမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းလွှမ်းခြုံမှု ပြန်လည်ကောင်းမွန်စွာရရှိရေးအတွက် အားစိုက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများသည် အောက်တိုဘာ ၃ ရက်တွင် ကျောက်မဲမြို့သို့ ပြန်လည်ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးမှုများရှိခဲ့သည့် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၅၀) အား ပြန်လည်ပြုပြင်ရန်ဆောင်ရွက်နေစဉ်တွင်

*စာမျက်နှာ ၅ ကော်လံ ၄* ✻

**ယနေ့ ဖတ်စရာ**

**(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်** — ပြည်တွင်းသတင်း စာ ၅

**မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် "ဂီတဆည်းဆာ" ပဒေသာကပွဲဖျော်ဖြေပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်** — ပြည်တွင်းသတင်း စာ ၅

**ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲ** — ဆောင်းပါး စာ ၆

**အစွရေးနှင့် ဟားမားစ်ကိုယ်စားလှယ်တို့ အီဂျစ်၌ ဆွေးနွေးပွဲ ပြုလုပ်မည်** — နိုင်ငံတကာသတင်း စာ ၁၄

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးနှင့် ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးနှင့် ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲ (International Industrial Exhibition “INNOPROM. Belarus”) သို့ တက်ရောက်ခဲ့သည်။

မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကို အောက်တိုဘာ ၂ ရက်တွင် ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာမက်ဆင်း ရှူဇန်ကော့ဗ်တို့က ဦးဆောင်ကျင်းပခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များ မတ်လအတွင်းတွေ့ဆုံစဉ်နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်စာတမ်းများ အကောင်အထည်ဖော်ရေးကိစ္စရပ်များကိုလည်းကောင်း၊ လက်မှတ်ရေးထိုးပြီးဖြစ်သည့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာကို အခြေခံ၍ရေးဆွဲလျက်ရှိသည့် လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) အပြီးသတ်ရေးဆွဲရေး ကိစ္စရပ်များကိုလည်းကောင်း အသေးစိတ်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် အဆိုပါစာချုပ်စာတမ်းများနှင့် လမ်းပြမြေပုံတို့တွင် ပါဝင်သည့်ကဏ္ဍများဖြစ်သော စက်မှု၊ စိုက်ပျိုးရေးနှင့် အစားအစာ၊ ကျန်းမာရေးနှင့် ဆေးဝါး၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုအလားအလာများနှင့် အခွင့်အလမ်းများကို ကဏ္ဍအလိုက် အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုအပြီးတွင် ပူးတွဲဥက္ကဋ္ဌများက ဒုတိယအကြိမ် ပူးတွဲကော်မတီအစည်းအဝေး၏ ဆွေးနွေးမှုမှတ်တမ်းကို အတည်ပြုလဲလှယ်ခဲ့ကြပြီး ကော်မတီအစည်းအဝေးကျင်းပခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်တို့သည် စက်တင်ဘာ ၂၉ ရက်တွင်ကျင်းပသည့် ကုန်သွယ်ရေးပြပွဲအစီအစဉ်၊ မျက်နှာစုံညီအစည်းအဝေးနှင့် အထူးညှိသည်တော်များအား ညှိခံပွဲတို့သို့ တက်ရောက်ခဲ့သည်။

မျက်နှာစုံညီအစည်းအဝေးသို့ ဘယ်လာရုစ်၊ ရုရှား၊ အဇာဘိုင်ဂျန်၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ ဥဇဘက်ကစ္စတန်နှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့မှ ဝန်ကြီးချုပ်များတက်ရောက်၍ မိန့်ခွန်းများပြောကြားခဲ့ကြသည်။ မျက်နှာစုံညီအစည်းအဝေးသို့ ဥရောပ-အာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ထိပ်တန်းစီးပွားရေးအမှုဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲသို့ တက်ရောက်၍ ဘယ်လာရုစ်နိုင်ငံ၏ စက်မှုလုပ်ငန်းဆိုင်ရာဆန်းသစ်တီထွင်မှုများ၊ နည်းပညာမြင့်ထုတ်ကုန်များ၊ ခေတ်မီနည်းပညာများနှင့် စက်ယန္တရားများ ခင်းကျင်းပြသမှုများကို လေ့လာကြည့်ရှု၍ သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မင့်စ်မြို့သို့ ရောက်ရှိနေစဉ်ကာလအတွင်း စက်တင်ဘာ ၃၀ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုဝန်ကြီးဌာန ဝန်ကြီးမစ္စတာအလီယက်စန်ဒါ ခါဂျာရက်ဗ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဒန်းနစ် ဘာခေ နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား စက်မှုနှင့် လယ်ယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုလည်းကောင်း သီးခြားစီဆွေးနွေးခဲ့သည်။

ယင်းအပြင် ပြည်ထောင်စုဝန်ကြီးသည် မင့်စ်မြို့ရှိ နို့နှင့် နို့ထွက်ပစ္စည်းစက်ရုံသို့ သွားရောက်၍ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှု၊ အရည်အသွေးထိန်းသိမ်းမှုနှင့် ဘေးကင်းလုံခြုံရေးစီမံဆောင်ရွက်မှုများကိုလည်းကောင်း၊ မင့်စ်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံသို့သွားရောက်၍ မော်တော်ယာဉ်၊ လူနာတင်ကားများ၊ ရွှေ့လျားဆေးကုသသည့် မော်တော်ယာဉ်များ၊ မီးသတ်ကားများထုတ်လုပ်နေမှုများနှင့် အရည်အသွေးစမ်းသပ်စစ်ဆေးမှုများကို လည်းကောင်း လေ့လာကြည့်ရှုခဲ့ရာ စက်ရုံအသီးသီးမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အလားတူ မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ မြန်မာဘက်မှ ကော်မတီအဖွဲ့ဝင်များသည် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အလိုက် ဆွေးနွေးမှုများနှင့် လေ့လာမှုများကိုဆောင်ရွက်ခဲ့ကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် အစားအစာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို တွဲဖက်ဥက္ကဋ္ဌများအဖြစ်ဆောင်ရွက်၍ နှစ်နိုင်ငံအကြား စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ နှစ်နိုင်ငံသုတေသနအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာနှင့် အတွေ့အကြုံများ ဖလှယ်ရေးကိစ္စရပ်များကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်သည် Advin CJSC စက်ရုံနှင့် Belmedpreparaty ဆေးဝါးထုတ်လုပ်သည့် စက်ရုံတို့သို့ သွားရောက်၍ စက်ပစ္စည်းပုံရိပ်ဖော်စက်များ၏ နည်းပညာဆန်းသစ်ထုတ်လုပ်မှုများနှင့် ဆေးဝါးထုတ်လုပ်နေမှုများကို လေ့လာခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုယ်စားလှယ်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားဘဏ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခြင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များသည် ဘယ်လာရုစ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးနှင့် ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၇ ရက်တွင် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့ပြီး အောက်တိုဘာ ၄ ရက်ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ **သတင်းစဉ်**

# (၄၇) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတက်ရောက်ခဲ့စဉ် အိမ်ရှင်နိုင်ငံမှ စီစဉ်သည့် လေ့လာရေးအစီအစဉ်များသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ပါဝင်တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၅**

ဖိလစ်ပိုင်နိုင်ငံ မက်ထရိုမနီလာ၌ အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့သော (၄၇)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် အောက်တိုဘာ ၂ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ အရည်အသွေးပြည့်ဝသည့် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၊ စနစ်ကျသည့် စိုက်ပျိုးရေးနည်းလမ်းများ အသုံးပြုရေးနှင့် ရေသွင်းစနစ်ဆိုင်ရာ အခြေခံအဆောက်အအုံများ ကောင်းမွန်စေရေးအတွက် စီမံခန့်ခွဲနိုင်ရေး စသည့်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် နေပြည်တော်တွင် တည်ဆောက်မည့် ဇီဝလုံခြုံရေး အဆင့်(၃) ရှိ တိရစ္ဆာန် ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းကို အချိန်မီတည်ဆောက်နိုင်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၂ ရက်တွင် ပြုလုပ်ခဲ့သော ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင် အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ရုက္ခဗေဒ၊ သတ္တဗေဒနှင့် ဘူမိဗေဒဆိုင်ရာ သမိုင်းကြောင်းများကို ခင်းကျင်းပြသထားသည့် အမျိုးသားသမိုင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါလေ့လာရေးခရီးစဉ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီးက ဖိလစ်ပိုင်နိုင်ငံသည် ၁၉၀၀ ပြည့်နှစ်တွင် သစ်တောဖုံးလွှမ်းမှု ၇၀ ရာခိုင်နှုန်းရှိခဲ့သော်လည်း သက္ကရာဇ် ၂၀၁၀ ပြည့်နှစ် ကာလအထိ နှစ် ၁၁၀ ကာလအတွင်း ပျမ်းမျှ ၁၂ ဒသမ ၈ ရာခိုင်နှုန်းသာ ကျန်ရှိတော့ကြောင်း၊ ထိုသို့သော သစ်တောပြုန်းတီးမှုများကြောင့် အာဆီယံဒေသတွင်း၌ သစ်ပင်ပေါင်း တစ်ဘီလီယံစိုက်ပျိုးမည့် အဆိုပြုလွှာအား တင်ပြခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။



အောက်တိုဘာ ၃ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၊ ကိုယ်စားလှယ်များနှင့်အတူ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ World Trade Center ၌ နှစ်စဉ် အောက်တိုဘာလအတွင်း ကျင်းပပြုလုပ်လေ့ရှိသော စိုက်ပျိုးရေးဆိုင်ရာ မျိုးစေ့များ၊ သီးနှံများ၊ စားသောက်ကုန်များ၊ လယ်ယာသုံးစက်ကိရိယာများ၊ ရေလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းဆိုင်ရာ ထွက်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်မှုနှင့် တောင်သူများအား သင်တန်းပို့ချမှုပုံစံများ စသည်တို့ကို ခင်းကျင်းပြသထားသည့် အကြိမ်(၃၀)မြောက် Agri-Link၊ (၂၄)ကြိမ်မြောက် Food-Link နှင့် (၁၉) ကြိမ်မြောက် Aqua-Link ပြခန်းများသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

# ကျောက်မဲမြို့အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၅**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter- Terrorism Operation)ကို တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ ကျောက်မဲမြို့အား အလုံးစုံ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အစိုးရအုပ်ချုပ်မှု ယန္တရားများ ပြန်လည် လည်ပတ်နိုင်ရေးနှင့် မြို့ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်း၍ ကျောက်မဲမြို့တွင် ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာ





ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်၊ ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာနှင့် စိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်ရန်အတွက် TNLA အကြမ်းဖက်သောင်းကျန်းသူများနှင့်ပူးပေါင်းအဖွဲ့များက အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် ယုတ်မာရိုင်းစိုင်းစွာ ထောင်ထားခဲ့သည့် မြေမြှုပ်မိုင်း၊ နင်းမိုင်း၊ တိုက်မိုင်းများအား ယခုလ ၄ ရက်နေ့မှစတင်၍ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(ဝဲပုံ)**

ထို့အပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ယနေ့မှစတင်၍ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။**(အပေါ်ပုံ)**

၎င်းအပြင် ကျောက်မဲမြို့ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ မြို့အဝင်နေရာနှင့် ပတ်ဝန်းကျင်နေရာများကို ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရန်အတွက် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် အခြားလိုအပ်သည်များကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကျောက်မဲမြို့နယ် တည်ငြိမ် အေးချမ်းသာယာရေး၊ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင် စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၅**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၇ ရက် မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ လေ့ကျင့်ရေးဇာတ်ရုံနှင့် နေပြည်တော် မြို့တော်ခန်းမလေဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီ တွင် MICC -I ၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို နံနက် ၈ နာရီ ၄၅ မိနစ် မှ စတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV – HD ၊ MRTV – Entertainment ၊ MRTV – Parliament ၊ MRTV – NRC ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများဖြစ်သော Channel 9 ၊ Up to Date နှင့် Readers' Channel တို့အပြင် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD-HD Channel ၊ MWD Variety – HD Channel တို့မှ လည်းကောင်း၊ MOI Website ၊ MOI Youtube ၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့် ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM ၊ မန္တလေး FM ၊ ပဉ္စဝတီ FM ၊ ရွှေ FM ၊ ပတ္တမြား FM ၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM ၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်သည်။

သတင်းစဉ်

## မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် “ဂီတဆည်းဆာ” ပဒေသာကပွဲဖျော်ဖြေပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၅**

မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် “ဂီတဆည်းဆာ” ပဒေသာကပွဲဖျော်ဖြေပွဲကို အောက်တိုဘာ ၆ ရက် ညနေ ၄ နာရီမှ ည ၉ နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း၌ မန္တလေးတက္ကသိုလ်ကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများ စုပေါင်း၍ အဆို၊ အက၊ တေးဂီတတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါဖျော်ဖြေပွဲကို ယင်းနေ့ ညနေ ၆ နာရီမှ ည ၉ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV Farmers’ Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် သပြေရေဒီယို၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM၊ Star FM၊ MRTV App၊ မြန်မာ့အသံ Radio App အပါအဝင် Online တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်သည်။

သတင်းစဉ်

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၅** – နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ယာယီအဆောက်အအုံများတွင် ဝန်ထမ်းများနေရာချထားမှုအခြေအနေ ကြည့်ရှုစစ်ဆေး၍ ထောက်ပံ့ပစ္စည်းများပေးအပ်



**နေပြည်တော် အောက်တိုဘာ ၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)နှင့် ရုံးအမှတ်(၃၇)တို့ရှိ ယာယီအဆောက်အအုံများတွင်နေထိုင်သည့် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဆန်၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်များ၊ အချိုရည်များထောက်ပံ့ပေးအပ်ကာ ဝန်ထမ်းများနှင့်အတူနေထိုင်သည့် အသက် (၈၀) ကျော် ဝန်ထမ်းမိဘများကို သီးခြားထောက်ပံ့ငွေများ ပေးအပ်သည်။ (ဓာတ်ပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယာယီအဆောက်အအုံများတွင် ဝန်ထမ်းများ နေထိုင်လျက်ရှိသည့်အခြေအနေနှင့် ထမင်းချက်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ယာယီအဆောက်အအုံများ၏ ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် စုပေါင်းသန့်ရှင်းရေးများဆောင်ရွက်ရန်၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းမှုများ အလေးထား ဆောင်ရွက်ရန်၊ တာဝန်ရှိသူများအနေဖြင့် ကွန်တိန်နာများတွင်နေထိုင်လျက်ရှိသည့် ဝန်ထမ်းများ အပူဒဏ်လျော့နည်းသက်သာစေရေးအတွက် အမိုးများကို အမြန်ပြီးပြတ်အောင်ဆောင်ရွက်ရန်၊ ဝန်ထမ်းများ၏ အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် ဈေးကားများ စီစဉ်ဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများ၏ သားသမီးများအတွက် ကျောင်းကြို/ပို့ယာဉ်များကိုလည်း အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရန်၊ ယာယီအဆောက်အအုံများတွင် နေထိုင်လျက်ရှိသည့် ဝန်ထမ်းများ၊ ဝန်ထမ်းများ၏ ပစ္စည်းများအတွက် နေ့ညမပြတ် လုံခြုံရေးချထားဆောင်ရွက်ပေးရန် မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံဆိုင်ရာ ကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းက သက်သာသော ဈေးနှုန်းများဖြင့် ဆီများကို ရောင်းချပေးလျက်ရှိရာ လာရောက်ကြည့်ရှု ဝယ်ယူအားပေးလျက် ရှိကြသူများဖြင့် စည်ကားလျက်ရှိသည်။

သီတင်းကျွတ် ဈေးရောင်းပွဲတော်တွင် Talk Show အစီအစဉ်၌ “MSME များအတွက် နည်းပညာဆိုင်ရာနှင့် ပံ့ပိုးမှုများ” ခေါင်းစဉ်ဖြင့်ဆွေးနွေးကြရာ စီးပွားရေး လုပ်ငန်းရှင်များနှင့် ပွဲတော်လာပြည်သူများက စိတ်ဝင်တစား လာရောက်နားထောင်အားပေးလျက်ရှိသည်။

ဖျော်ဖြေရေး မဏ္ဍပ်၌လည်း ဖျော်ဖြေရေးအစီအစဉ်များအဖြစ် သဘင်နှင့် ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၊ DJ ပညာရှင်များ၊ အကအဖွဲ့များနှင့် မျိုးဆက်သစ်တေးသံရှင်များစွာတို့၏ သီဆိုဖျော်ဖြေမှုများကြောင့် သီတင်းကျွတ်ဈေးရောင်းပွဲတော်ကို ပိုမိုအသက်ဝင်စေခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့်လည်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာဖြင့် သီချင်းတေးသွားများကို အတူတကွ ပျော်ရွှင်စွာ နားဆင်ခံစားကြပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရွှေသံလွင်မိသားစုတို့မှ လှူဒါန်းသည့် စတုဒိသာ ထမင်း၊ ဟင်းများကိုလည်း အားပါးတရ ပျော်ရွှင်စွာ သုံးဆောင်ကြသည်ကိုတွေ့ရသည်။

ဈေးရောင်းပွဲတော်လာ ပြည်သူများအတွက် သန့်ရှင်းစွာ စည်းကမ်းရှိသည့် ပွဲတော်ဖြစ်စေရေး အမှိုက်များစနစ်တကျစွန့်ပစ်ရန် အမှိုက်ပုံးများအပြင် Mobile Toilet များ ထားရှိဆောင်ရွက်ပေးထားပြီး ပွဲတော်လာပြည်သူများ သွားရေး၊ လာရေး အဆင်ပြေလွယ်ကူစေရန် အကြို/အပို့ကားများ စီစဉ်ဆောင်ရွက်ထားရှိသဖြင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်လည်ပတ်ကြသည်။

ဇော်မင်းလတ်(MNA)






❊ *ရှေ့ဖုံးမှ*

ကျောက်မဲခရိုင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီး (ယာယီဆေးရုံ)ကို အမှတ်(၂) ရုပ်ကွက်ရှိ လာဘမုနိတရုတ်ဘုံကျောင်း၌ ယနေ့တွင် စတင်ဖွင့်လှစ်၍ ကျောက်မဲမြို့ပေါ်နှင့် ဒေသခံပြည်သူများအား ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းညွန့်ဦးနှင့် ဒေါက်တာမျိုးအောင် (ဒု-ခရိုင်ကုသရေးဦးစီးဌာနမှူး) ဦးစီးသည့် ကျန်းမာရေးဝန်ထမ်းခနစ်ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် လူနာ ကျား ၂၂ ဦး၊ မ ၃၃ ဦး စုစုပေါင်းလူနာ ၅၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျောက်မဲမြို့ပေါ်နှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ယာယီဆေးရုံတွင် အရေးပေါ်ခွဲစိတ်ကုသမှုများ ဆောင်ရွက်နိုင်မည့် ရွေ့လျားခွဲစိတ်ခန်း (Mobile Operation Theatre) များကို တည်ဆောက်ခြင်း၊ လိုအပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများကို အားဖြည့်ခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲ

ဦးရွှေဦး

**❂ မဲပေးစက်ကို အသုံးပြု၍ မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများ မဲပေးရာတွင် အခက်အခဲမရှိ လွယ်ကူလျင်မြန်ခြင်း၊ မဲရလဒ်များ တိတိကျကျရရှိခြင်းနှင့် ပယ်မဲလုံးဝမရှိခြင်းတို့ကြောင့် မဲလက်မှတ်များ ရေတွက်ရာတွင် ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုမရှိတော့ခြင်း၊ မဲပေးရာတွင် မဲရုံဝန်ထမ်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ မဲရုံကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၏ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ မဲပေးဆောင်ရွက်နိုင်ခြင်း အကျိုးကျေးဇူးများရရှိမည့်အပြင် မဲပေးစက်၏ တိကျမှန်ကန်မှုနှင့် နည်းပညာအရ အာမခံမှုများရရှိနိုင်ရန် မဲဆန္ဒရှင်ပြည်သူများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်များ၏ ရပ်ကွက်၊ ကျေးရွာများသို့ လိုက်လံပြသစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ရာ မဲဆန္ဒရှင်ပြည်သူ ၃ ဒသမ၅ သန်းကို စမ်းသပ်မဲပေးဆောင်ရွက်ခဲ့**

လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ရေးဆိုသည်မှာ ရွေးကောက်ပွဲများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်းနှင့် လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များဖြစ်သည့် နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ မဲပေးပိုင်ခွင့်ရှိစေရေး၊ မဲဆန္ဒရှင်စာရင်း မှန်ကန်ရေး၊ ပွင့်လင်းမြင်သာစွာမဲပေးရေး၊ မဲရေတွက်ခြင်းနှင့် ရလဒ်များထုတ်ပြန်နိုင်ရေး၊ လွတ်လပ်၍ တရားမျှတသော မဲဆွယ်စည်းရုံးရေးနှင့် သာတူညီမျှ အခွင့်အရေးများ ဆောင်ရွက်ခွင့်ရရှိရေး၊ လုံခြုံရေး၊ အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများ မရှိစေရေး၊ အငြင်းပွားမှုကို ဖြေရှင်းရေး၊ ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က သမာသမတ်ကျအောင် ဆောင်ရွက်ရေးတို့ ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

**နိုင်ငံသားတိုင်းဥပဒေနှင့်အညီ**
**မဲပေးပိုင်ခွင့်ရှိစေရေးနှင့် မဲစာရင်းမှန်ကန်ရေး**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုခြင်းများကို လေ့လာကြည့်သောအခါ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၃၈ (က)** တွင် **"နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။"** နှင့် ပုဒ်မ ၃၉၁ (က) တွင် "**ရွေးကောက်ပွဲ စတင်ကျင်းပသည့် နေ့ရက်၌ အသက် (၁၈) နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူ မဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်**" ဆိုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များကို အခြေခံ၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆ ပါ အရည်အချင်းများနှင့် ပြည့်စုံသူများကို အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန် ပြုစုထားသည်။ မဲစာရင်းများပြုစုရာတွင် ပုဒ်မ ၁၃ (က) အရ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့သည် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများပြုစုရာတွင် ကော်မရှင်က သတ်မှတ်သည့် လူဦးရေစာရင်း ပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတို့က ပြုစုထားသည့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ပါ လူဦးရေစာရင်းများကို ရယူအခြေခံပြီး ပြုစုရမည့်ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ထားသည်ကို တွေ့ရှိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာ လွှတ်တော်နည်းဥပဒေ ၈ (က) ပါ အသေးစိတ် ပြဋ္ဌာန်းချက်များဖြစ်သည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာမြို့နယ်ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်တို့ဖြင့် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး စိစစ်ရမည့် ပြဋ္ဌာန်းချက်များအတိုင်း စိစစ်ဆောင်ရွက်နိုင်ရန် ကပ်ထားကြေညာခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ပြည်ပရောက်မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းတို့ကိုလည်း ကြေညာခဲ့ပြီးဖြစ်ရာ မဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင်များ ဆန္ဒမဲပေးခွင့် နစ်နာဆုံးရှုံးမှုမရှိစေရန်အတွက် ယာယီနေရပ်စွန့်ခွာနေရသူများ ရွေးကောက်ပွဲတွင် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာ ဒေသမြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူလျှောက်ထားနိုင်ကြောင်း ကြေညာချက်ထုတ်ပြန်၍ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှ စတင်၍ မဲစာရင်းများကို ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်အသီးသီးရှိ မဲရုံများတွင် ကပ်ထားကြေညာခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်ကိုပါ တစ်ပါတည်းထုတ်ပြန်ကြေညာထားရှိသည် -

(က) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို ၃၀ - ၉ - ၂၀၂၅ ရက်နေ့မှ ၁၃-၁၀ - ၂၀၂၅ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာမည် ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ကပ်ထားကြေညာနိုင်ခြင်းမရှိပါက သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကြည့်ရှုနိုင်ရေး ဆောင်ရွက်ထားမည် ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိနိုင်မည် ဖြစ်ပါသည်။

(ခ) မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။ လိုအပ်သော ပုံစံများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ (**အခမဲ့**) ရယူနိုင်ပါသည်။ ထိုသို့ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့်လည်း လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဂ) သို့ဖြစ်ပါ၍ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်ဟု ဖော်ပြထားပါသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အသီးသီးတို့သည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မဲစာရင်းပြုစုရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အရာရှိက ရေးသွင်းဆောင်ရွက်ရမည့် **Admin/ Data Entry Officer Software** နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီမံခန့်ခွဲမည့် **Central Voter List Management System (CVLMS) Software** များဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံများအလိုက် စိစစ်ရေးသွင်းထားရှိသဖြင့် မဲစာရင်းများမှာ ယခင်ကဲ့သို့ (၂) ကြိမ်၊ (၃) ကြိမ် အထပ်များနှင့် မှတ်ပုံတင်မပါရှိသူ၊ အချက်အလက်မပြည့်စုံသူများ ပါဝင်တော့မည် မဟုတ်တော့သဖြင့် ကျစ်လျစ်မှန်ကန်သော မဲစာရင်းများ ရရှိနိုင်မည်ဖြစ်ပါသည်။

မြေပြင်တွင် ရွှေ့ပြောင်းသွားလာသူများ ရှိနေသေးသဖြင့် မဲစာရင်းပြုစုသည့်အချိန်တွင် ဆောင်ရွက်ရမည့် ပုံစံ (၆၆/၆) တွင် ပါဝင်နိုင်ခြင်း မရှိသေးသူများအတွက် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနနှင့် သေဆုံး၊ ပျောက်ဆုံးသူများအတွက် မြေပြင်တွင် စာရင်းကောက်ယူဆောင်ရွက်ရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းများ မှန်ကန်ရေးအတွက်လည်း စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြောင်းကြောင်းကြောင့် ကျန်ရစ်သူများ မရှိစေရေးအတွက် ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာပြီးနောက် သက်ဆိုင်ရာ မဲဆန္ဒရှင်များက ကြည့်ရှုစစ်ဆေး၍ ထုတ်ပြန်ကြေညာထားသည့် ဆောင်ရွက်ရမည့် နည်းလမ်းများအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန် မဲဆန္ဒရှင်တစ်ဦးချင်းတိုင်းက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းထားပါသည်။

**Myanmar Electronic Voting Machine**
**(MEVM) မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း**

ဆန္ဒမဲပေးရာတွင် တိုင်းရင်းသားမဲဆန္ဒနယ်များ အပါအဝင် လွှတ်တော်အားလုံး တစ်နိုင်ငံလုံး၌ **Myanmar Electronic Voting Machine (MEVM)** မဲပေးစက်ဖြင့် မဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိသည်ကို တွေ့ရှိရသည်။ မဲပေးစက်ကို အသုံးပြု၍ မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများ မဲပေးရာတွင် အခက်အခဲမရှိ လွယ်ကူလျင်မြန်ခြင်း၊ မဲရလဒ်များ တိတိကျကျရရှိခြင်းနှင့် ပယ်မဲလုံးဝမရှိခြင်းတို့ကြောင့် မဲလက်မှတ်များ ရေတွက်ရာတွင် ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုမရှိတော့ခြင်း၊ မဲပေးရာတွင် မဲရုံဝန်ထမ်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ မဲရုံကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၏ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ မဲပေးဆောင်ရွက်နိုင်ခြင်း အကျိုးကျေးဇူးများရရှိမည့်အပြင် မဲပေးစက်၏ တိကျမှန်ကန်မှုနှင့် နည်းပညာအရ အာမခံမှုများရရှိနိုင်ရန် မဲဆန္ဒရှင်ပြည်သူများကို တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ မြို့နယ်များ၏ ရပ်ကွက်၊ ကျေးရွာများသို့ လိုက်လံပြသ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ရာ မဲဆန္ဒရှင်ပြည်သူ ၃ ဒသမ၅ သန်းကို စမ်းသပ်မဲပေးဆောင်ရွက်ခဲ့သည်။

**Myanmar Electronic Voting Machine (MEVM)** မဲပေးစက်သည် မြန်မာအင်ဂျင်နီယာ ပညာရှင်များ က အစိုးရဝန်ကြီးဌာန၏ စက်ရုံများ၌ ထုတ်လုပ်ထားသဖြင့် နည်းပညာဆိုင်ရာ လုံခြုံစိတ်ချရမှု အပြည့်အဝရှိပြီး မည်သည့် Internet ၊ Cellular ၊ Wifi ၊ Bluetooth စသည့် ဆက်သွယ်ရေး ကွန်ရက်များကိုမျှ ချိတ်ဆက်နိုင်ခြင်းမရှိသည့်အပြင် Wire ကြိုးများနှင့် ဆက်သွယ်ထားခြင်း မရှိသဖြင့် မဲရလဒ်များအပေါ် ပြင်ပမှ နှောင့်ယှက်ဖျက်ဆီးခြင်း၊ ပြင်ဆင်ခြင်း မပြုလုပ်နိုင်ဘဲ ဓာတ်ပုံကင်မရာ၊ Scanner များ ပါရှိခြင်းမရှိသဖြင့် မဲဆန္ဒရှင်များ၏ လျှို့ဝှက်မဲပေးခြင်းကို အာမခံချက်အပြည့်ရှိကြောင်း မဲပေးစက်များအား လိုက်လံရှင်းလင်းပြသမှုများအရ သိရသည်။

မဲပေးစက်များကို ရွေးကောက်ပွဲတွင် အသုံးပြုရာ၌ **Myanmar Electronic Voting Machine (MEVM)** မဲပေးစက်၏ စံချိန်စံညွှန်းကို မြန်မာနိုင်ငံ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ၂၀၁၄ ခုနှစ်နှင့် အညီအမျိုးသားအဆင့် ထောက်ခံအသိအမှတ်ပြုလွှာ ရရှိရေးအတွက် အမျိုးသားစံချိန်စံညွှန်းကောင်စီ၏

*စာမျက်နှာ ၇ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၈၃ ရက် သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၁/၂၀၂၅) ဖြင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၂/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကို လည်းကောင်း၊ ကြေညာချက်အမှတ် (၅၃/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကို လည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

### ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

*စာမျက်နှာ ၆ မှ*

အမိန့်ကြော်ငြာစာအမှတ် ၀၇၅/၂၀၂၅ နှင့် မြန်မာ အီလက်ထရောနစ်မဲပေးစနစ်ဆိုင်ရာ စံချိန်စံနှုန်းများကို မြန်မာနိုင်ငံ စံချိန်းစံညွှန်းအဖြစ် အတည်ပြု သတ်မှတ်ပြီးဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်တွင်း ပြည်ပ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်များအား သိရှိဆောင်ရွက်နိုင်ရန် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် အသေးစိတ်ထုတ်ပြန်ထားကြောင်း တွေ့ရှိရသည်။ ကြိုတင်မဲများရေတွက်ခြင်းနှင့် စပ်လျဉ်း၍လည်း ရွေးကောက်ပွဲနည်းဥပဒေ အခန်း(၁၄)၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးကောက်ပွဲရလဒ်ကြေညာခြင်း အခန်းပါ ပြဋ္ဌာန်းချက်များအတိုင်း ရွေးကောက်ပွဲမကျင်းပမီ (၂)ရက်ကြိုတင်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူရှေ့မှောက်၌ ရေတွက်၍ ရလဒ်များကို ပွင့်လင်းမြင်သာစွာ ကပ်ထားကြေညာမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ကြိုတင်မဲများကြောင့် မဲမသမာမှုဖြစ်ခြင်းကို ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။

#### လွတ်လပ်ပြီးတရားမျှတသော မဲဆွယ်စည်းရုံးခြင်း

နိုင်ငံရေးပါတီများ လွတ်လပ်ပြီးတရားမျှတစွာ ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးဆောင်ရွက်နိုင်ရန် အတွက် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့သော လွှတ်တော် နည်းဥပဒေများတွင် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း အခန်း (၁၀) ကို ထည့်သွင်းပြဋ္ဌာန်းထားကြောင်း တွေ့ရှိရသည်။ ယခင်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှု အတွေ့အကြုံများအရ နိုင်ငံရေးပါတီများသည် မဲဆွယ်စည်းရုံးဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ မျှမျှတတ မဲဆွယ်ဆောင်ရွက်ကြရန် ဖြစ်သော်လည်း မီဒီယာအားကို အသုံးပြု၍ အမုန်းစကားများဖြင့် ပါတီအချင်းချင်း တိုက်ခိုက်မဲဆွယ်ခြင်း၊ အချို့နိုင်ငံရေးပါတီကြီးများသည် မိမိပါတီအနိုင်ရရေးအတွက် နည်းလမ်းမမှန်သော စည်းရုံးရေးနည်းများဖြင့် မဲဆွယ်ခြင်း၊ မဲဆွယ်စည်းရုံးရာတွင် လိုက်ပါဆောင်ရွက်သူများကို ဝန်းရံသူများအဖြစ် အခကြေးငွေပေး၍ စည်းရုံးလှုံ့ဆော်မှုများ ရှိခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရန် အသိပေးထုတ်ပြန်ကြေညာခြင်းကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် လည်းကောင်း၊ နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည်များကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင်လည်းကောင်း အသီးသီးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ရွေးကောက်ပွဲနည်းဥပဒေ ၅၀ တွင်လည်း ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရာတွင် ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များကိုဖြစ်စေ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာ ဥပဒေများအရ အရေးယူခံရမည်ဖြစ်ကြောင်း တစ်ပြေးညီ ပြဋ္ဌာန်းထားရှိသည်ကိုလည်း တွေ့ရှိရပါသည်။

သို့ဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သာတူညီမျှ မျှမျှတတ မဲဆွယ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိသည်ကိုလည်း တွေ့ရှိရပါသည်။

#### ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် သတင်းမီဒီယာများအား လေ့လာခွင့်ပြုမည်

ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို ဖိတ်ကြား၍ လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေးကြေညာထားပြီးဖြစ်သည်။ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ကျင့်ဝတ်များကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံသတင်းမီဒီယာများအတွက် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန်ကိုလည်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း သိရှိရသည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပွင့်လင်းမြင်သာမှုနှင့် လွတ်လပ်၍ တရားမျှတမှုရှိကြောင်းကို နိုင်ငံတကာနှင့် ပြည်တွင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့များမှ လေ့လာစောင့်ကြည့်နိုင်ကြမည်ဖြစ်သည်။

#### ရွေးကောက်ပွဲလုံခြုံရေးနှင့် အကြမ်းဖက်မှု၊ ခြယ်လှယ်မှုများ မဖြစ်စေရေး

ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဝန်ထမ်းများ၊ ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်နေသူများ လုံခြုံရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ အကာအကွယ်ပေးရေး ဥပဒေကိုပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက အပြည့်အဝ ဆောင်ရွက်ပေးလျက်ရှိကြောင်းကိုလည်း တွေ့ရှိရသည်။

#### နိုင်ငံရေးပါတီ ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်

၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၅၇ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ တိုင်းရင်းသားပါတီများ ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန်အတွက် ရွေးကောက်ပွဲစနစ်များကို အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP)ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထု၏ ထောက်ခံဆန္ဒမဲများအရ ကိုယ်စားလှယ်နေရာများ ရရှိနိုင်ကြမည်ဖြစ်ပါသည်။ လွှတ်တော်အတွင်း တိုင်းရင်းသားပါတီများ၏ ကိုယ်စားလှယ်များ ပါဝင်လာခြင်းဖြင့် ဒေသဆိုင်ရာကိုယ်စားပြုမှု တိုးမြှင့်ရရှိလာမည်ဖြစ်ပြီး တိုင်းရင်းသားများဆန္ဒကို ပိုမိုညှိနှိုင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ (MMP) စနစ်သည် တရားမျှတမှုမြင့်မားသော ဆန္ဒမဲခွဲဝေမှုနှင့် ပေါင်းစပ်တည်ငြိမ်မှုကောင်းသော အစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

#### ပွင့်လင်းမြင်သာစွာ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲမသမာမှုဖြစ်စဉ်များ မဖြစ်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များက သက်သေခံလျက်ရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသော၊ ဂုဏ်သိက္ခာရှိသော အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူများ လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနား မန္တလေးတက္ကသိုလ်၌ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မန္တလေးမြို့ မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာ ဆရာမများ၊ ပြိုင်ပွဲများတွင် ဆုများရရှိခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြတ်ဆရာ" သီချင်းဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီးက ဖတ်ကြားသည်။ **(ယာပုံ)**

ယင်းနောက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ (၅)ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမေစန်းရီက ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးများ၊ ထူးချွန်ဆရာ ဆရာမများ၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။




ထို့နောက် မန္တလေးပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူများက "ဥယျာဉ်နန်းက ပွင့်သစ်ပန်း" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်များ နေပြည်တော်သို့ ဆက်လက်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြု ပြိုင်ပွဲဝင်များသည် နေပြည်တော်သို့ ဆက်လက်ရောက်ရှိကြရာ ယနေ့တွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်များ ရောက်ရှိကြသည်။




ပဲခူးတိုင်းဒေသကြီးအသင်း အုပ်ချုပ်သူ ဒေါ်နီနီဝင်းသန်း




ကဗျာလွတ်အက ပြိုင်ပွဲဝင် မသွန်းသက်မှူးစံ

"ဒီနှစ်မှာ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအနေနဲ့ ပြိုင်ပွဲဝင် ၁၂၃ ဦးနဲ့ ဘာသာရပ် ၆၃ ခုမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ အရင်နှစ်ကတော့ အတီး ဘာသာရပ်ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုတွေရရှိခဲ့တယ်။ အခုနှစ်လည်း ရွှေတံဆိပ်ဆုတွေ အများကြီး ရရှိမယ်လို့ မျှော်မှန်းထားပါတယ်။ ပဲခူးတိုင်းဒေသကြီးက တာဝန်ရှိသူတွေကလည်း ထောက်ပံ့ကူညီမှုတွေ လိုအပ်ချက်မရှိအောင် စီမံဆောင်ရွက်ပေးတဲ့အတွက် ပြိုင်ပွဲဝင်ကလေးတွေက အားကြိုးမာန်တက် ကြိုးကြိုးစားစားနဲ့ စနစ်တကျ ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့ပါတယ်"ဟု ပဲခူးတိုင်းဒေသကြီးမှ အုပ်ချုပ်သူ ဒေါ်နီနီဝင်းသန်းက ပြောသည်။

ထိုသို့ ရောက်ရှိလာသည့် ပြိုင်ပွဲဝင်အသင်းများကို တာဝန်ရှိသူများက နွေးထွေးပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြပြီး ခေတ္တတည်းခိုနေထိုင်ကြမည့် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ သတ်မှတ်ထားသည့် တည်းခိုဆောင်များတွင် နေရာချထားပေးကာ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် စီမံဆောင်ရွက်ပေးကြသည်။

အလားတူ ပြိုင်ပွဲယှဉ်ပြိုင်ရန် ရောက်ရှိနေသည့် ရှမ်းပြည်နယ် ကိုယ်စားပြု ကဗျာလွတ်အက ပြိုင်ပွဲဝင် မသွန်းသက်မှူးစံက "ကျွန်မက ရှမ်းပြည်နယ်ကိုယ်စားပြု ကဗျာလွတ်အကအဖွဲ့ကနေ ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အခုနှစ်နဲ့ဆိုရင် ဝင်ရောက်ယှဉ်ပြိုင်တာ လေးနှစ်ရှိပါပြီ။ ပြိုင်ပွဲမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ တွေ့ဆုံခွင့်ရတာက အတွေ့အကြုံတွေ၊ ဗဟုသုတတွေ အများကြီးရတဲ့အတွက် အင်မတန်ပျော်ရွှင်မိပါတယ်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်လေ့ကျင့်မှုတွေ အများကြီး လုပ်ဆောင်ခဲ့ပါတယ်"ဟု ပြောသည်။

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများကို နေပြည်တော် ကောင်စီနယ်မြေ၌ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်အသင်း ရောက်ရှိစဉ်။



ချင်းပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အသင်း ရောက်ရှိစဉ်။

# သီတင်းကျွတ်လပြည့်နေ့အကြို (အဖိတ်နေ့) ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများ လှည့်လည်ပူဇော်ဆက်ကပ်ပွဲနှင့် ဆီမီး ၁၁၁၁၁ စုပေါင်းထွန်းညှိ ပူဇော်ဆက်ကပ်ပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၅**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်နေ့အကြို (အဖိတ်နေ့) ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများ လှည့်လည်ပူဇော်ဆက်ကပ်ပွဲနှင့် ဆီမီး ၁၁၁၁၁ စုပေါင်းထွန်းညှိ ပူဇော်ဆက်ကပ်ပွဲကို ယနေ့ညပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ဗုဒ္ဓရုပ်ပွားတော်နှင့် လျှပ်စစ်မီးစေတီများ ပင့်ဆောင်လျက် ရွှေတိဂုံ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် လျှပ်စစ်မီးစေတီများ စုပေါင်းပူဇော်ဆက်ကပ်ပွဲကို ရွှေတိဂုံစေတီတော်ရင်ပြင်ရာဟုထောင့်အောင်မြေအနီးရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက ဗုဒ္ဓရုပ်ပွားတော်နှင့် လျှပ်စစ်မီးစေတီများကို ပန်း၊ ရေချမ်း၊ ဆီမီးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး "နီလာ နီလာ" အစချီသော မဟာပဋ္ဌာန်းရောင်ခြည်တော်ဖွင့် ဂါထာဖြင့် ဘုရားရှင်ကို ပင့်လျှောက်ခြင်း၊ "သောဝဏ္ဏကိုကံ" အစချီသော ရွှေတိဂုံဘုရားရှိခိုး ဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာကပ်လှူပူဇော်ခြင်း၊ "ဘဂဝန်ဘုန်းလှိုင်" အစချီသော မဟာပဋ္ဌာန်းတိုက်တွန်းလွှာဖြင့် ရွတ်ဆိုတိုက်တွန်းခြင်း၊ မဟာပဋ္ဌာန်းပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ ပါဠိတော်ကို ရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေ၊ သာဓုခေါ်ဆိုခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများက စုပေါင်း၍ ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီးများ ထွန်းညှိပူဇော်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓရုပ်ပွားတော်နှင့် လျှပ်စစ်မီးစေတီများအား ရာဟုထောင့်အောင်မြေအနီးရှိ ချမ်းသာကြီးတန်ဆောင်း၌ ယနေ့မှ အောက်တိုဘာ ၇ ရက်အထိ သုံးရက်တိုင်တိုင် အပူဇော်ခံ ထွန်းညှိပူဇော်မည် ဖြစ်ကြောင်း သိရသည်။

**ကိုကိုဇော်-MNA**

# မြန်မာ-ဘယ်လာရုစ် တေးဂီတပူးပေါင်းဖျော်ဖြေပွဲ မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပ



**မန္တလေး အောက်တိုဘာ ၅**

မြန်မာ- ဘယ်လာရုစ် တေးဂီတ ပူးပေါင်းဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါဖျော်ဖြေပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ မြန်မာ - ရုရှား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovskiy နှင့် တာဝန်ရှိသူများ၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် ဘယ်လာရုစ်တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky ဦးဆောင်၍ အဆိုရှင်များဖြစ်ကြသည့် Ms. Nadezhda Bryleva နှင့် Ms. Anzhelika Zaitseva တို့က ဘယ်လာရုစ်နိုင်ငံ၏ ရိုးရာတေးသီချင်းများ၊ ကာလပေါ်သီချင်းများနှင့် မြန်မာနိုင်ငံအကြောင်း ရေးဖွဲ့စပ်ဆိုထားသည့် တေးသီချင်းများဖြင့် ဦးစွာသီဆိုဖျော်ဖြေကြသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ အနုပညာရှင်များက မြန်မာ့ယဉ်ကျေးမှု အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေကြသည်။

အဆိုပါ ဘယ်လာရုစ်တေးဂီတအဖွဲ့သည် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ မြန်မာ - ရုရှား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovskiy နှင့် MRTV မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး မြန်မာနိုင်ငံတွင် ရောက်ရှိစဉ် မန္တလေး၊ ပြင်ဦးလွင်၊ ရန်ကုန်နှင့် နေပြည်တော်တို့တွင် လှည့်လည်ဖျော်ဖြေကြမည်ဖြစ်ကာ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် မြန်မာ-ရုရှား-ဘယ်လာရုစ် (၃) နိုင်ငံ အဆို၊ အကများ ပူးပေါင်း၍ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

မြန်မာနှင့် ဘယ်လာရုစ် နှစ်နိုင်ငံတို့သည် အစိုးရချင်း ချစ်ခင်ရင်းနှီးမှုတည်ဆောက်ခြင်းအပြင် နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရန်အတွက် ယခုကဲ့သို့ ယဉ်ကျေးမှုအနုပညာ ပူးပေါင်း၍ ဖျော်ဖြေတင်ဆက်ခြင်းအစီအစဉ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းတို့က ပူးပေါင်းစီစဉ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တွဲလက်ခိုင်စို့

❖ အို..ညီကိုဆွေ၊ ရှုပါလေလော့
တည်နေတောင်တော၊ စိမ်းမြနှော့လျက်
ပေါ်များသယံ၊ အဖိုးတန်တို့
အလျှံပယ်မျှ၊ ပိုင်ဆိုင်ကြသည်
အာဂမြန်မာ မဟုတ်လော...။

❖ သို့မကပါ၊ စုံကြေညာဝယ်
သွယ်ဖြာမြစ်ချောင်း၊ မြေဆီကောင်း၌
ပြောင်းနှမ်းစပါး၊ သီးနှံများတို့
ဖွံ့ထွားပြည့်ဝ၊ လှိုင်လှိုင်ရသည်
အာဂမြန်မာ မဟုတ်လော...။

❖ သို့မကလျှင်၊ အောက်ရပ်ခွင်ဝယ်
ပင်လယ်ပိုင်နက်၊ ကောင်းမွေဆက်မို့
ထွက်ပေါက်ကမ္ဘာ၊ မကစွာတည့်
ရိက္ခာသားငါး၊ ပုလဲများပြင်
မြေသားရေအောက်၊ ဆုကြီးရောက်သို့
တူးဖော်ရေနံ၊ ဓာတ်ငွေ့လျှံ၍
ဆက်ခံပြည့်ဝ၊ ရမြဲရသည်
အာဂမြန်မာ မဟုတ်လော...။

❖ သို့နှယ်များစွ၊ ဂုဏ်အင်လှမို့
အာဂမြန်မာ၊ ဆိုရပါလည်း
ပြည်ရွာတစ်ဝန်း၊ ယမ်းငွေ့လွှမ်းလို့
သွားလမ်းမသာ၊ လာလမ်းမဖြောင့်
အမှောင့်များထွေ၊ စိုးထိတ်လေက
အခြေမြင့်လျက်၊ စီးပွားတက်ဖို့
အခက်ကြုံရချေမည်တကား...။

❖ အာဂစုံထွေ၊ ပိုင်ဆိုင်ချေလည်း
တို့တွေချင်းချင်း၊ ရန်စစ်ခင်းသည့်
သတင်းပြည့်လျှမ်း၊ မငြိမ်းချမ်းသော်
ကမ်းဆက်နီးနွှယ်၊ စီးပွားသွယ်ဖို့
အဘယ်ရပ်ခြား၊ နိုင်ငံများမှ
စဉ်းစားကြမည်၊ မဟုတ်သည်မို့
တိုင်းပြည်ရှေ့ဆက်၊ ဖွံ့ဖြိုးတက်ဖို့
အခက်ကြုံရချေမည်တကား...။
အို...
ယမ်းနံ့တွေဝေး၊ ပန်းနံ့မွှေးလျက်
အေးချမ်းဖွံ့ဖြိုး၊ စည်ပင်တိုးအောင်
ကြိုးပမ်းညီညီ၊ ရှေ့သို့ချီဖို့
သည်နေ့သည်ခါ၊ စတင်ကာလျှင်
'မင်း' 'ငါ' မသုံး၊ 'တို့တွေ' သုံးလျက်
စည်းလုံး ညီကြ မည်တကား...။
တွဲလက်ခိုင်သင့် ပြီတကား.....။ ။

**မောင်စိမ်းနောင်(လယ်ဝေး)**

[(၁၀)နှစ်ပြည့် NCA နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုပါသည်။]

# (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသို့ ...

ကိုယဉ်ချစ်(မန္တလေး)

နိုင်ငံတစ်နိုင်ငံ၌ သဘာဝသယံဇာတများ၊ လူ့စွမ်းအားအရင်းအမြစ်များ မည်မျှပင်ပြည့်စုံသည်ဖြစ်စေ မိမိတို့၏ယဉ်ကျေးမှုကို အမြတ်တနိုး တန်ဖိုးထားကြသည်။ မြန်မာနိုင်ငံတွင်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုများကို အမြတ်တနိုးတန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ မြန်မာ၊ ရိုးရာ၊ ယဉ်ကျေးမှုဆိုသည့် ဝေါဟာရများ၏ အဓိပ္ပာယ်သည် လေးနက်ကျယ်ပြန့်သည်။

မြန်မာဆိုသည်မှာ အစဉ်အဆက်နေထိုင်ခဲ့ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဆိုသည့် တိုင်းရင်းသားများကို ခြုံ၍ ဘုံသဘောဆောင်သည့် တိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ စည်းလုံးညီညွတ်စွာ စုပေါင်းနေထိုင်ကြသည့် အဓိပ္ပာယ်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာ့ယဉ်ကျေးမှုဆိုသည့် အမျိုးသားရေးလက္ခဏာများကို ပိုင်ဆိုင်ကြသည်။

**ရိုးရာဓလေ့များကို တန်ဖိုးထားလေးစားမြတ်နိုး**

ရိုးရာဆိုသည်မှာ ဘိုးဘွားစဉ်ဆက်၊ မိဘစဉ်ဆက်ကျင့်သုံးခဲ့သော အလေ့အထဖြစ်ပါသည်။ လူမျိုးတိုင်းတွင် ရိုးရာယဉ်ကျေးမှုများကို ဘိုးဘွားမိဘများထံမှ လက်ဆင့်ကမ်းသယ်ဆောင်ခဲ့ကြသည်။ ရိုးရာဓလေ့များကို တန်ဖိုးထားလေးစားမြတ်နိုးကြသည်။

ယဉ်ကျေးမှုဆိုသည်မှာ သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှု၊ တိုးတက်ထွန်းကားလာသော လူမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသော ဓလေ့ထုံးတမ်း စသည်တို့ဖြစ်သည်။ မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာများသည် ကိုယ်ပိုင်ရပ်တည်ချက်များဖြင့် ရေးနှစ်ပေါင်းထောင်ချီ၍ ထိန်းသိမ်းစောင့်ရှောက်လာခြင်းဖြစ်သည်။

သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ကုန်းဘောင်ခေတ်များကတည်းကပင် မြန်မာပညာရှိများက ရတု၊ ရကန်၊ ပျို့၊ လင်္ကာ၊ ချေင်း၊ အဲချင်း၊ သာချင်း၊ တံချင်း၊ လူးတား၊ လေးဆစ်၊ သဖြန်၊ လေးချိုး၊ လေးထပ်၊ တေးထပ်၊ တောလား၊ တျာ၊ လျှောက်ထုံး၊ မှာတမ်း၊ ပြဇာတ်၊ ဘောလယ် စသည့်စာပေများကို ရေးသားစပ်ဆိုခဲ့ကြသည်။ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုများသည် များစွာရေးကျသည့်ကာလများကတည်းက ရှင်သန်ထွန်းကားခဲ့သည်ဆိုသော သက်သေအထောက်အထားများဖြင့် ရပ်တည်ခဲ့သည်။ ဘိုးဘွားအစဉ်အဆက်တို့ကလည်း လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသဖြင့် ယနေ့ကာလအထိ ယဉ်ကျေးမှုများ တည်တံ့လျက်ရှိသည်။

အဆိုပါ မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့် အစဉ်အလာများ မပပျောက်စေရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့သည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၂၂ ခုနှစ်မှပင် ပြန်လည်ကျင်းပနိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊




၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ အကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇော်ဘီ

အတီးပြိုင်ပွဲကြီးကို ဦးတည်ချက် (၄) ရပ် ချမှတ်ကာ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

**များစွာရေးကျသည့်ကာလကတည်းက ခိုင်ခိုင်မာမာ ရပ်တည်ရှင်သန်ထွန်းကားခဲ့**

အနုပညာရပ်ဟု ခေါ်ဆိုအပ်သည့်အတတ်မျိုး ၆၄ ရပ်တွင် နစ္စဆိုသည့် အကမျိုးစုံအတတ်၊ ဝါဒနဆိုသည့် တီးမှုတ်မျိုးစုံအတတ်၊ ဗျူဟာစရနာဒိပရဏဆိုသည့် အတီးအမှုတ်မျိုးစုံတို့တီးမှုတ်၍ စစ်ဆင်စစ်တက်ခြင်း အတတ်များပါဝင်သည်။ အဋ္ဌာရသသိပ္ပ ၁၈ ပါးတွင်လည်း ဂန္ဓဗ္ဗာဆိုသည့် စောင်းညင်းစသည့် ကဗျာလင်္ကာ အတတ်၊ ဣတိဟာသဆိုသည့် ရယ်ရွှင်ဖွယ်အတတ်များ ပါဝင်သည်။ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုများသည် များစွာရေးကျသည့်ကာလကတည်းက ခိုင်ခိုင်မာမာ ရပ်တည်ရှင်သန်ထွန်းကားခဲ့ခြင်းဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ရှေးဘိုးဘွားအစဉ်အဆက်ကတည်းက ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး အနုပညာအမွေအနှစ်များကို မျိုးဆက်သစ်လူငယ်များဆီသို့ လက်ဆင့်ကမ်းသယ်ဆောင်ပေးခဲ့ကြသည်။ မျိုးဆက်သစ်လူငယ်များကလည်း မိမိတို့လက်ထက်တွင် မတိမ်ကော၊ မပပျောက်စေရန် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်သည်။ မထိန်းသိမ်းနိုင်ပါက လူမျိုးနှင့် နိုင်ငံပါ ပျောက်ကွယ်သွားနိုင်သည့်အန္တရာယ်များ ရှိလာမည်။ ရိုးရာယဉ်ကျေးမှုများ မှေးမှိန်ပျောက်ကွယ်သွားပါက နိုင်ငံတကာမှ မိမိတို့လူမျိုးအပေါ် အထင်ကြီးလေးစားမှုများ လျော့နည်းသွားကာ အမျိုးသားရေးအားမာန်များကိုပါ ထိခိုက်သွားနိုင်သဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ပါသည်။

**အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူစောင့်ထိန်း**

တစ်ဖက်တွင် ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို ရပ်တန့်သွားစေရန်၊ မှေးမှိန်သွားစေရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုများကို အထင်ကြီးပြီး မိမိတို့ယဉ်ကျေးမှုကို အထင်သေးစိတ်များ ရှိစေရန် နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိပါသည်။ မျက်မှောက်ခေတ်တွင် ခေတ်မီနည်းပညာများကို အသုံးချ၍ မသိမသာရော၊ သိသိသာသာပါ နှောင့်ယှက်ဖျက်ဆီးနေသည်ကို အမျိုးသားရေးအမြင်ဖြင့် မြင်အောင်ကြည့်၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူစောင့်ထိန်းသွားကြရပါမည်။

ယမန်နှစ် ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အကြီးအကဲက **“နှစ်ပေါင်းထောင်ချီ ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများ တင့်တင့်တယ်တယ် ဆက်လက်ရှင်သန်ဖြစ်ထွန်းနေစေရေး အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊ မြန်မာလူမျိုးတို့၏ သမိုင်းကြောင်း ခိုင်မာနက်ရှိုင်းမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်း ဝင့်ထည်မြင့်မားမှုတို့ကို ကမ္ဘာတည်သရွေ့ တည်မြဲခိုင်မြဲနေအောင် အနုပညာစွမ်းအားဖြင့် စွမ်းဆောင်ပေးကြရန်၊ မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအားပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်”** တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုများ ရှေးခေတ်အဆက်ဆက်မှ ယနေ့တိုင်အောင် တည်တံ့ခိုင်မြဲနေခြင်းမှာ မျိုးဆက်သစ်လူငယ်များ၏ စွမ်းပကားများကြောင့်ဖြစ်သည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားတို့၏ သုခုမအနုပညာ တူရိယာများ မည်သို့ပင်ကွဲပြားနေစေကာမူ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဆိုသည့် မြန်မာ့တူရိယာငါးပါး၏ အခြေခံတွင် တစုတစည်းတည်း တူညီစွာပါဝင်လျက်ရှိကြသည်။ ထို့အပြင် တိုင်းရင်းသားများ၏ အကများသည်လည်း စည်းနှင့်ဝါးကို အခြေခံ၍ ခေါင်း၊ ခါး၊ ခြေ၊ လက် ကိုယ်ခန္ဓာအစိတ်အပိုင်းများဖြင့် ကပြကြခြင်းဖြစ်သည်ကို မြင်တွေ့ကြရသည်။ တိုင်းရင်းသားအားလုံး၏ အကများသည်လည်း တူညီသည့်အခြေခံအတွင်းမှ ကပြကြခြင်းဖြစ်သည်။

**အမျိုးသားရေးစိတ်ဓာတ်များဖြင့် ထိန်းသိမ်း**

ခေတ်အဆက်ဆက်တွင် ထွန်းကားခဲ့သည့် ယဉ်ကျေးမှုအနုပညာသည် ကျွန်ဘဝတွင် ကိုလိုနီနယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ်မှုများကြောင့် မှေးမှိန်ခဲ့ရသည်။ သို့ရာတွင် မြန်မာအနုပညာရှင်တို့က ဖိနှိပ်ချုပ်ချယ်မှုများကြားမှ ကြံ့ကြံ့ခံ၍ အမျိုးသားရေးစိတ်ဓာတ်များဖြင့် ထိန်းသိမ်းခဲ့ကြသည်။ စစ်ပြီးခေတ်၊ လွတ်လပ်ရေးရပြီးခေတ်များက သီချင်းများ၊ အကများ၊ ရေးသားမှုများနှင့် အတီးအမှုတ်အနုပညာရပ်များသည် ယနေ့ကာလတွင် ခေတ်ဟောင်းအနုပညာရပ်များ ဖြစ်သွားခဲ့သည်။ ယခင်နှစ်များက ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ရွက်ပုန်းသီးဝါသနာရှင်များသည် ဝါသနာရှင်အဆင့်မှ ယခုနှစ်တွင် ပညာရှင်အဆင့်သို့ ယှဉ်ပြိုင်သွားမည့်သူများအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

**အောင်မြင်မှုများရရှိအောင် ယှဉ်ပြိုင်**

ပြိုင်ပွဲဝင်အားလုံးက မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် တိုင်းဒေသကြီး /ပြည်နယ်အဆင့်များတွင် ယှဉ်ပြိုင်အနိုင်ရခဲ့ပြီးမှ ဗဟိုအဆင့်သို့ ယှဉ်ပြိုင်ကြသူများဖြစ်သည်။ တစ်နည်းအားဖြင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ လက်ရွေးစင်များဖြစ်ကြသည်။ ပြိုင်ပွဲဝင်များက မိမိတို့ယှဉ်ပြိုင်ကြမည့် ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ လေ့ကျင့်ခဲ့ကြပြီးဖြစ်သည်။ အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားလုံးက တစ်ဦးချင်းပြိုင်ပွဲတွင်ဖြစ်စေ၊ အဖွဲ့လိုက်ပြိုင်ပွဲများတွင်ဖြစ်စေ ယှဉ်ပြိုင်လျှင် အနိုင်ရရမည်ဆိုသည့် ရည်မှန်းချက်များထားပြီး ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်၍ အားမာန်အပြည့်ဖြင့် အောင်မြင်မှုများရရှိအောင် ယှဉ်ပြိုင်သွားကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်တိုင်းက နိုင်ငံတော်ကို ချစ်မြတ်နိုးစိတ်၊ ကိုယ့်လူမျိုးကိုချစ်သည့်စိတ်တို့ဖြင့် ဖန်တီးထားသည့် အနုပညာရပ်များကို ယှဉ်ပြိုင်ခြင်းဖြစ်သည်ဟု ခံယူယှဉ်ပြိုင်သွားရန် လိုအပ်ပါသည်။ မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့ရိုးရာ အနုပညာရပ်များ ထွန်းကားလာသည်နှင့်အမျှ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ပြီး စိတ်ပိုင်းဆိုင်ရာများလည်း တိုးတက်လာမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းသည် အောင်မြင်မှုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်းဖြစ်သည်ဟု ဂုဏ်ယူတတ်ရန် လိုအပ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်သွေးစည်းမှုနှင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုတို့ကို ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်တွင်လည်း နိုင်ငံတော်၏ အနာဂတ်အတွက် အားကိုးအားထားရမည့် မျိုးဆက်သစ်လူငယ်များ၊ ဗလငါးတန်နှင့်ပြည့်စုံသော သားကောင်း၊ သမီးကောင်းရတနာများ ဖြစ်ပေါ်လာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ဤသို့ပြုစုပျိုးထောင်ပေးနေခြင်းသည် လူငယ်များ၏စွမ်းအားများကို နိုင်ငံတော်၏အနာဂတ်တွင် အထောက်အကူ ရရှိစေရန်ဖြစ်သည်။ နိုင်ငံတည်ဆောက်ရာတွင် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်သည် တစ်ခုအပါအဝင်ဖြစ်သည်။

မြန်မာတို့၏ ကာလကြာမြင့်စွာ ရှင်သန်ရပ်တည်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုများ မပျောက်ပျက်စေရန် ပြိုင်ပွဲဝင်များသာမက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ရှေးဘိုးဘွားအစဉ်အဆက်က ထိန်းသိမ်းလာခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးနေခြင်းဖြစ်၍ ပြိုင်ပွဲကြီးအား ကြိုဆိုဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

**“မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ရှေးဘိုးဘွားအစဉ်အဆက်ကတည်းက ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး အနုပညာအမွေအနှစ်များကို မျိုးဆက်သစ်လူငယ်များဆီသို့ လက်ဆင့်ကမ်းသယ်ဆောင်ပေးခဲ့၊ မျိုးဆက်သစ်လူငယ်များကလည်း မိမိတို့လက်ထက်တွင် မတိမ်ကော၊ မပပျောက်စေရန် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်၊ မထိန်းသိမ်းနိုင်ပါက လူမျိုးနှင့်နိုင်ငံပါ ပျောက်ကွယ်သွားနိုင်သည့်အန္တရာယ်များ ရှိလာမည်။ ရိုးရာယဉ်ကျေးမှုများ မှေးမှိန်ပျောက်ကွယ်သွားပါက နိုင်ငံတကာမှ မိမိတို့လူမျိုးအပေါ် အထင်ကြီးလေးစားမှုများ လျော့နည်းသွားကာ အမျိုးသားရေးအားမာန်များကိုပါ ထိခိုက်သွားနိုင်သဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းထိန်းသိမ်းကာကွယ်”**

**ကိုးကား**

- ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန်(တတိယအကြိမ်)
- ဆရာကြီး ဦးသုခ၏ မှတ်အပ်မှတ်ရာ မှတ်စုပဒေသာ၊ သုခမှတ်စု
- ဆရာကြီးဦးဖေမောင်တင်၏မြန်မာစာပေသမိုင်း

# ထားဝယ်မြို့၌ ကမ္ဘာ့ဆရာများနေ့အခမ်းအနားနှင့် မြတ်ဆရာပူဇော်ပွဲ ကျင်းပ

**ထားဝယ် အောက်တိုဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အခမ်းအနားနှင့် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဖတ်ကြားပြီး တိုင်းဒေသကြီးပညာရေးမှူးက ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့(၅)ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားသည်။



ထို့နောက် ရမ္မဇူဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများက "လောကကြီးကို အလှဆင်ပါ" ပြဇာတ်ဖြင့် သရုပ်ဖော်ဖျော်ဖြေပြီး အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီးတစ်ဦးက မေတ္တာစကား မြွက်ကြား၍ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေ" သီချင်းဖြင့် သီဆိုဖျော်ဖြေကာ အခြေခံပညာဆရာ ဆရာမများက "ဆရာ့ကြွေးဟောင်း ဆပ်နိုင်ကြပါစေ" သီချင်းဖြင့် သီဆိုဂုဏ်ပြုသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ပုလောမြို့နယ် ကဒဲ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ် ဒေါ်စုလတ်ဖြူအား ဂုဏ်ထူးဆောင်ရဲဗလတံဆိပ်ချီးမြှင့်အပ်နှင်းပြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်သည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြတ်ဆရာ သီချင်းဖြင့် သီဆိုဂုဏ်ပြုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အငြိမ်းစားဆရာကြီး ဆရာမကြီးများကို ဂါရဝပြုနှုတ်ဆက်၍ တာဝန်ရှိသူများက အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြကာ ကန်တော့ပစ္စည်းများ ပေးအပ်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘားအံမြို့၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ဘားအံ အောက်တိုဘာ ၅**

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ (World Teachers' Day 2025) အထိမ်းအမှတ် အခမ်းအနားကို "ပညာရပ်များ ပေါင်းစုဖွဲ့လို့ သင်ကြားရေး အသွင်သစ်ကို ဖော်ဆောင်စို့" ဆောင်ပုဒ်ဖြင့် ယနေ့နံနက် ၉ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမများနှင့် ဘားအံမြို့ရှိ ကျောင်းအုပ်ဆရာကြီးများက မြတ်ဆရာသီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

**သဝဏ်လွှာဖတ်ကြား**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဖတ်ကြားပြီး ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့(၅)ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစသိန်းကျော်က ဖတ်ကြားကာ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူတစ်ဦးက ဆရာ့ဂုဏ်ရည်စာတမ်းကို ဖတ်ကြားဂုဏ်ပြုသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးကော်မတီ နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ဂါရဝလက်ဆောင်များ ပေးအပ်ပြီး ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ဂုဏ်ပြုသီဆို**

ဆက်လက်၍ အငြိမ်းစားဆရာကြီး ဦးအောင်မြင့်ရေးသားဖွဲ့ဆိုထားသော ရှိခိုးပူဇော်ပါသည် ဆရာ တေးသီချင်းကို အမှတ်(၉) အခြေခံပညာ မူလတန်းလွန်ကျောင်းမှ အလယ်တန်းပြဆရာမတစ်ဦးက ဂုဏ်ပြုသီဆိုပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဆုရကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။




ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာသော အငြိမ်းစားဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားပြီး ခင်းကျင်းပြသထားသော ဆုရစာစီစာကုံး၊ ကဗျာလက်ရာများ၊ ပြိုင်ပွဲလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် ကမ္ဘာ့ဆရာများနေ့ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့

**ဝါးခယ်မ အောက်တိုဘာ ၅**

၂၀၂၅ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အဖြစ် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် အထက (၂) ကျောင်း ဘုရင်နောင့်ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ပြုလုပ်သည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးရဲမြင့်က ဖတ်ကြားသည်။



ဆက်လက်၍ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ (၅)ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သောသဝဏ်လွှာအား မြို့နယ်ပညာရေးမှူးကိုယ်စား ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်မင်းထွန်းက ဖတ်ကြားသည်။

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အဖြစ် မြို့နယ်ပညာရေးမှူး အငြိမ်းစား ဆရာကြီး ဆရာမကြီး ၁၁ ဦး၊ အသက်ပြည့် အငြိမ်းစားယူပြီး အသက် ၇၀ နှစ်နှင့်အထက် သက်ရှိထင်ရှားရှိနေသော ဆရာကြီး ဆရာမကြီး ၁၃၉ ဦးကိုယ်စား တက်ရောက်လာကြသည့် ဆရာကြီး ဆရာမကြီးများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများက ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး ဂါရဝပြုလက်ဆောင်မွန်များ ပေးအပ်ကြသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**



# ကွန်ဟိန်းမြို့၌ အာစရိယပူဇော်ပွဲအခမ်းအနားကျင်းပ

**ကွန်ဟိန်း အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်၌ အငြိမ်းစားဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ ဆရာမများက မြတ်ဆရာသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ပညာရေးညီအစ်ကိုမောင်နှမများက ဆီမီးထွန်းညှိပူဇော်ပြီး ဩကာသကန်တော့ချီးဖြင့် ကန်တော့၍ ဆရာကြီး ဆရာမကြီးများအား ဂါရဝပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ်အကောင်းဆုံးပ။**

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၅**

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ပညာရေးမှူးရုံး ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ကြသည်။

**သဝဏ်လွှာဖတ်ကြား**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား




ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားပြီး ပြည်နယ်ပညာရေးမှူးက ကုလသမဂ္ဂလက်အောက်ခံအဖွဲ့(၅)ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက စုပေါင်းပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် ပထမဆုရရှိသူများအား ဂုဏ်ပြုလက်မှတ်နှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် ဒုတိယဆုရရှိသူများအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် သယံဇာတရေးရာဝန်ကြီးကလည်းကောင်း၊ တတိယဆုရရှိသူများအား လူမှုရေးရာဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကလည်းကောင်း ဂုဏ်ပြုလက်မှတ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ကြပြီး အခမ်းအနားတွင် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသော ကျောင်းသား ကျောင်းသူများကို ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် အခြေခံပညာအလယ်တန်းကျောင်း (ဒေါတမ)ကျောင်းသားကျောင်းသူများက အာစရိယဂုဏောအနန္တောသီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ကန်ကြီးထောင့်မြို့နယ်၌ ကမ္ဘာ့ဆရာများနေ့အခမ်းအနားနှင့် မြတ်ဆရာပူဇော်ပွဲကျင်းပ

**ကန်ကြီးထောင့် အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းရှိ အမျိုးသားခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများက



မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးလှမြင့်က ဖတ်ကြားသည်။ ထို့နောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အထက်တန်းဆင့်၊ အလယ်တန်းဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းသားတစ်ဦးက မြတ်ဆရာသီချင်းအား သီဆိုပူဇော်၍ အခမ်းအနားကို ပိတ်သိမ်းခဲ့သည်။

အလားတူ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအား မြို့နယ်ပညာရေးမှူးရုံး၌ ဆက်လက်ကျင်းပရာ အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၂၀ တို့အား ပူဇော်ကန်တော့ကြပြီး ဆရာကြီး ဆရာမကြီးများက ဆုံးမဩဝါဒစကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ကျော်ဇင်စိုး(ပြန်/ဆက်)**



## ဆီဆိုင်မြို့၌ ကမ္ဘာ့ဆရာများနေ့ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကျင်းပ

**ဆီဆိုင် အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ဆီဆိုင်)ရှိ ယုဇနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသူတစ်ဦးက မြတ်ဆရာတေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ကျော်ရန်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးလှဝင်းက ကမ္ဘာ့ဆရာများနေ့အကြောင်းကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကန်တော့ချီး၊ ဂါရဝလက်ဆောင်များဖြင့် ပူဇော်ကန်တော့ကြပြီး ဆရာကြီးတစ်ဦးက ဩဝါဒစကား ပြန်လည်ပြောကြားခဲ့သည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများက မေတ္တာဖျန်းမှ လန်းဆန်းမယ်၊ အနန္တငါးဖြာ မြတ်ဆရာ တေးသီချင်းတို့ဖြင့် သီဆိုကန်တော့ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တီးတိန်မြို့၌ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကျင်းပ

**တီးတိန် အောက်တိုဘာ ၅**

ချင်းပြည်နယ် တီးတိန်မြို့၌ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စံကိုက်ညီကျောင်းဆောင်၌ ကျင်းပသည်။

ဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများက မြတ်ဆရာသီချင်းဖြင့် ဂုဏ်ပြုသီဆိုကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူးက ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြကာ တီးတိန်မြို့နယ်အတွင်းရှိ အသက်(၇၀)ပြည့် သက်ကြီးဆရာ ဆရာမ ၅၄ ဦးအား တာဝန်ရှိသူများက ကန်တော့ခံပစ္စည်းနှင့် ကန်တော့ငွေများ ပေးအပ်ကြ




သည်။ အဆိုပါအခမ်းအနားတွင် ကန်တော့ခံ ဆရာ ဆရာမများ၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကျင်းပ



**ရွှေတောင် အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အထက(ရွှေတောင်) ရတနာခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ကန်တော့ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြပြီး ဆရာကြီးတစ်ဦးက ဆုံးမဩဝါဒစကား ပြောကြားသည်။

ဆက်လက်၍ ကန်တော့ခံ ဆရာကြီး ဆရာမကြီး ၁၈၆ ဦးတို့အား ကန်တော့ခံပစ္စည်းများဖြင့် ကန်တော့ပြီး နေ့လယ်စာဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## တောင်ကြီးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်၊ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော် အပါး ၁၀၈၀ တို့ကို ဝါတွင်းကာလ အရုဏ်ဆွမ်းလောင်းလှူပွဲနှင့် ဆွမ်းသိမ်းအောင်ပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၅**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် တောင်ကြီးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်အပါး ၁၀၈၀ တို့ကို ဝါတွင်းကာလ အရုဏ်ဆွမ်းလောင်းလှူပွဲနှင့် ဆွမ်းသိမ်းအောင်ပွဲကို ယနေ့ နံနက် ၅ နာရီက တောင်ကြီးမြို့ သာသနာလင်္ကာရ ကမ္ဘောဇ သာသနာ့ဗိမာန်တော်ကြီးရှေ့၌ ကျင်းပသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အတွင်းရေးမှူးတို့ကဦးဆောင်ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မိသားစုဝင်များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများက ဆွမ်း



နှင့် ဆွမ်းဟင်းများ၊ အချိုပွဲများ၊ သစ်သီးများ၊ ခေါက်ဆွဲခြောက်များ စုပေါင်းလောင်းလှူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ၏ ဆွမ်းလောင်းလှူနေမှုကို လှည့်လည်ကြည့်ရှုကြပြီး ဆွမ်းလာရောက်လောင်းလှူကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ဝါတွင်းကာလ အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူပွဲ ဆွမ်းသိမ်းအောင်ပွဲကို တောင်ကြီးမြို့ သာသနာလင်္ကာရကမ္ဘောဇသာသနာ့ဗိမာန်၌ကျင်းပရာ ဆရာတော်၊ သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သြဝါဒါစရိယ၊ တောင်ကြီးမြို့ ကံသာရပ်ကွက် စွန်းလွန်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သီတင်းကျွတ်ပွဲတော် သံဃာတော်အပါး ၅၀၀ တို့အား စုပေါင်းဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

**စစ်တွေ အောက်တိုဘာ ၅**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်ပွဲတော် သံဃာတော်အပါး ၅၀၀၊ သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်တော် လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီးရင်ပြင်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်စွာဦး၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်



လောင်းလှူကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ ဦးဆောင်ကာ ကြွရောက်တော်မူကြသော ထေရ်ကြီး၊ ဝါကြီး ဆရာတော်ကြီးများနှင့် သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြပြီး စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်အလှူရှင်များကလည်း ဆွမ်းဆန်တော်၊ ဆီ၊ ဆေးဝါးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းခဲ့ကြသည်။

ဆွမ်းဆန်တော် လောင်းလှူပွဲတွင် ဆွမ်းဆန်တော်နှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၁၃၄၈၉၈၀၀၀၊ ငွေသားတန်ဖိုးငွေကျပ် ၂၅၇၁၆၀၀၀ စုစုပေါင်းငွေကျပ် ၁၆၀၆၁၄၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြတ်ဆရာသခင် ကန်တော့ပန်းဆင်သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားပြီး ပြည်နယ်ပညာရေးမှူးက ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့လာသော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး အခြေခံပညာ ဆရာ ဆရာမများက မြတ်ဆရာသီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ညောင်ဦးမြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများကြေညာ

**ညောင်ဦး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မဲဆန္ဒနယ်မှ ၂၀၂၅ ခုနှစ် လွှတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး၏ လွှတ်တော်အသီးသီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၄ ရက်က သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာများ၌ နံရံကပ်ဘုတ်များဖြင့် ကြေညာပေးထားလျက်ရှိသည်။



အဆိုပါ မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာကော်မရှင် အဖွဲ့ဝင်များက ညောင်ဦးမြို့နယ်အတွင်းရှိ မဲရုံများ၊ ပုဂံမြို့ရှိ မဲရုံများအလိုက် လိုက်လံကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ဆန္ဒမဲပေးပိုင်ခွင့် ရှိသည့် ပြည်သူများအနေဖြင့် မဲဆန္ဒရှင်စာရင်းတွင် မပါရှိပါက မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်နှင့် မိမိအချက်အလက်များ မှားယွင်းနေပါက ပြင်ဆင်ပေးနိုင်ရေးအတွက် လျှောက်ထားရန်တို့ကို ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တို့က ရှင်းလင်းပြောကြားခြင်းများ ပြုလုပ်သည်။ **ဒီပါလင်း**

## ကသာမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာများ၌ မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ်ကြေညာ

**ကသာ အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာများတွင် မဲဆန္ဒရှင်စာရင်းများဖြစ်သော ပုံစံ (၁)၊ (၁-က)များကို စက်တင်ဘာ ၃၀ ရက်ကစတင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ပထမအကြိမ် ကြေညာပေးထားသည်။

ကသာမြို့နယ်၌ ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်ရှိပြီး ပထမအကြိမ် မဲဆန္ဒရှင်ပြည်သူများ၏



အမည် စာရင်းများကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ၁၄ ရက်ကြာ ကြေညာထားလျက်ရှိရာ မြို့နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူဦးရေ ၂၁၂၆၇ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**



# ကမ္ဘောဒီးယားနိုင်ငံ၏ ဉာဏ်ရည်တုအသွင်ကူးပြောင်းရေးတွင် ဆရာ ဆရာမများက အဓိက မောင်းနှင်အားဟုဆို

**ဖနောင်ပင် အောက်တိုဘာ ၅**

ဆရာ ဆရာမများသည် ကမ္ဘောဒီးယားနိုင်ငံ၏ Artificial Intelligence (AI) (ဉာဏ်ရည်တု) အသွင်ကူးပြောင်းရေးမှာ အဓိက မောင်းနှင်အားဖြစ်ကြောင်း ဝန်ကြီးချုပ် ဟွန်မာနက်က အောက်တိုဘာ ၅ ရက်တွင် ပြောကြားသည်။

'ဆရာ ဆရာမများမှာ ဉာဏ်ရည်တုအသွင်ကူးပြောင်းရေးရဲ့ အဓိက မောင်းနှင်အားဖြစ်သည်' ဟူသော ဆောင်ပုဒ်မှာ ဉာဏ်ရည်တုက ပုံဖော်မည့် အနာဂတ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေလွယ်ကူစွာ ဖြတ်သန်းနိုင်ရေးနှင့် အကျိုးကျေးဇူးများ ရရှိနိုင်ရေးတွင် ဆရာ ဆရာမများသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း အလေးပေး ဖော်ပြထားခြင်းဖြစ်ကြောင်း ဟွန်မာနက်က ပြောသည်။

ပညာရေးနယ်ပယ်တွင် ဉာဏ်ရည်တုကို ပေါင်းစပ်ထည့်သွင်း အသုံးပြုခြင်းမှာ ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးပြီး ပညာရေးကို ပြောင်းလဲရာ၌ အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း ပညာရေး၊ လူငယ်ရေးရာနှင့် အားကစားဝန်ကြီး ဟန်ချန်နာရွန်က ပြောသည်။ ထို့အပြင် ဆရာ ဆရာမများသည် သင်ခန်းစာအစီအစဉ်များကိုပြင်ဆင်ခြင်းအပြင် ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် သင်ကြားမှုများကို ပံ့ပိုးပေးရာတွင် ဉာဏ်ရည်တုကို အသုံးပြုနိုင်ကြောင်း ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

# အစ္စရေးနှင့် ဟားမားစ်ကိုယ်စားလှယ်တို့ အီဂျစ်၌ ဆွေးနွေးပွဲပြုလုပ်မည်

**ကိုင်ရို အောက်တိုဘာ ၅**

အစ္စရေးနှင့် ဟားမားစ်ကိုယ်စားလှယ်တို့သည် ဓားစာခံများ ပြန်လွှတ်ပေးရေးနှင့် ဂါဇာမှ အစ္စရေးတပ်ဖွဲ့များ ပြန်လည်ဆုတ်ခွာရေးတို့အတွက် ဆွေးနွေးရန် အောက်တိုဘာ ၆ ရက်တွင် အီဂျစ်နိုင်ငံ၌ တွေ့ဆုံကြမည်ဖြစ်သည်။

အမေရိကန်က အဆိုပြုထားသည့် ငြိမ်းချမ်းရေးအစီအစဉ်နှင့်အညီ အစ္စရေးတွင် ချုပ်နှောင်ခံထားရသည့် ပါလက်စတိုင်း အကျဉ်းသားများ ပြန်လွှတ်ပေးပြီး အပြန်အလှန်အားဖြင့် ဟားမားစ်တို့ဖမ်းဆီးထားသည့် ဓားစာခံများ ပြန်လွှတ်ပေးရေးအတွက် သီးခြားအဆင့်များကို ကိုယ်စားလှယ်များ ဆွေးနွေးသွားမည်ဟု အီဂျစ်တို့က ပြောသည်။

အစ္စရေးဓားစာခံများအားလုံးကိုပြန်လွှတ်ပေးရေးအတွက် အောက်တိုဘာ ၃ ရက်တွင် ဟားမားစ်တို့က သဘောတူခဲ့ပြီးနောက် ယခုလို လှုပ်ရှားမှုပေါ်ပေါက်လာခြင်းဖြစ်သည်။ လာမည့်ရက်များအတွင်း ဓားစာခံများ အားလုံး ပြန်လည်လွတ်မြောက်လာကြောင်း ကြေညာနိုင်တော့မည်ကို ယုံကြည်သည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အောက်တိုဘာ ၄ ရက်တွင် ရုပ်မြင်သံကြားမိန့်ခွန်း၌ ပြောကြားခဲ့သည်။

ထို့ပြင် ယခုအချိန်အထိ အစ္စရေးတပ်ဖွဲ့များသည် ဂါဇာတွင် ထိန်းချုပ်ထားသည့် နယ်မြေများ၌ ဆက်လက်ရှိနေမည်ဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ဒုတိယအဆင့်တွင် ဟားမားစ်တို့သည် လက်နက်စွန့်လွှတ်ရမည်ဖြစ်ပြီး ဂါဇာကမ်းမြောင်ဒေသမှာ စစ်မဲ့ဇုန်ဖြစ်လာမည်ဟု အစ္စရေးဝန်ကြီးချုပ်က ပြောသည်။ လက်နက်ဖျက်သိမ်းရေး အစီအစဉ်အတွက် တောင်းဆိုချက်ကို ဟားမားစ်တို့ဘက်မှ တုံ့ပြန်ခြင်း မရှိသေးချေ။

ဂါဇာကမ်းမြောင်ဒေသတွင် ကနဦးဆုတ်ခွာမည့်မျဉ်းကို သဘောတူရန် အစ္စရေးအား စည်းရုံးနိုင်ခဲ့သည်ဟု ထရမ့်က အောက်တိုဘာ ၄ ရက်တွင် ပြောသည်။ ၎င်းတို့ ဆုတ်ခွာမည့် ဧရိယာကိုပြသည့် မြေပုံကို အစ္စရေးတို့က ကြားဝင်ညှိနှိုင်းစေ့စပ်ပေးသည့် နိုင်ငံများထံ တင်ပြမည်ဟု အာရပ်မီဒီယာများတွင် ဖော်ပြထားသည်။

အင်န်အိတ်ချ်ကေ

# ဂျပန်နိုင်ငံအလယ်ပိုင်း၌ ဝက်ဝံတိုက်ခိုက်မှုဖြစ်ပွား

**တိုကျို အောက်တိုဘာ ၅**

ဂျပန်နိုင်ငံအလယ်ပိုင်း ရှီရာကာဝါကျေးရွာ၌ ဝက်ဝံတိုက်ခိုက်ခံရ၍ အသက် ၄၀ အရွယ် စပိန်ခရီးသွားတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ အဆိုပါဝက်ဝံမှာ အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီခွဲခန့်က ချုံပုတ်အတွင်းမှ ထွက်လာကာ လူကို အနောက်မှ ချဉ်းကပ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲများနှင့် ကျေးရွာတာဝန်ရှိသူများက ပြောသည်။

ထိုအချိန်က အဆိုပါအမျိုးသားသည် အခြားစပိန်ခရီးသွားတစ်ဦးနှင့်အတူ ဘတ်စ်ကားမှတ်တိုင်အနီးတွင် လမ်းလျှောက်နေစဉ် ဝက်ဝံ၏ တိုက်ခိုက်မှု ခံခဲ့ရခြင်းဖြစ်သည်။ ၎င်းကိုဆေးရုံသို့ ပို့ဆောင်ကာ ကုသမှုခံယူခဲ့ရသည်။ အခင်းဖြစ်ပွားရာနေရာတွင် ဝက်ဝံခြေရာများကို တွေ့ရှိရသော်လည်း ဝက်ဝံကိုမူ ရှာမတွေ့သေးချေ။ ရဲများနှင့်ကျေးရွာတာဝန်ရှိသူများက ဒေသခံအမဲလိုက်အသင်းအဖွဲ့ဝင်များနှင့်အတူ အခင်းဖြစ်ပွားရာနေရာတွင် ကင်းလှည့်မှုများ ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများကို အန္တရာယ်မကင်းသည့်နေရာများသို့ သွားရောက်ခြင်းမပြုရန် ယာဉ်ကြောထိန်းချုပ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ



ကယ်ဆယ်ရေးအဖွဲ့ဝင်များက ကျောင်းအဆောက်အအုံအပျက်အစီးများအောက်မှ ပိတ်မိသူများကို ရှာဖွေကယ်ဆယ်ရေး လုပ်ဆောင်နေစဉ်။

# အင်ဒိုနီးရှား၌ စာသင်ကျောင်းအဆောက်အအုံပြိုကျမှုမှ သေဆုံးသူ ၃၇ ဦးအထိ တိုးလာ

**ဂျကာတာ အောက်တိုဘာ ၅**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗား ပြည်နယ်ရှိ စာသင်ကျောင်း တစ်ကျောင်း ပြိုကျမှုကြောင့် သေဆုံးသူ ၃၇ ဦးအထိ တိုးလာခဲ့ကြောင်း ဒေသဆိုင်ရာ ကယ်ဆယ်ရေးအာဏာပိုင်များက အောက်တိုဘာ ၅ ရက်တွင် ပြောကြားသည်။

အရှေ့ဂျာဗား ရှာဖွေရေးနှင့် ကယ်ဆယ်ရေးရုံးမှ အကြီးအကဲ နာနန်စီဂစ်က အပျက်အစီးများ အောက်တွင် ပိတ်မိနေသူများ ကျန်ရှိနေသဖြင့် အပျက်အစီးများ တူးဖော်ရှင်းလင်းရေးလုပ်ငန်းမှာ နှောင့်နှေးနေကြောင်း ပြောကြားသည်။ ထို့ပြင် အဆိုပါဖြစ်စဉ် အတွင်း လူ ၂၅ ဦးခန့် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကယ်ဆယ်ရေးအဖွဲ့က ဆိုသည်။

ပြီးခဲ့သည့်သီတင်းပတ်က စီဒိုအာဂျိုခရိုင်ရှိ အထပ်ပေါင်းများစွာရှိသည့် ကျောင်းဆောင်၏ တစ်စိတ်တစ်ပိုင်းကို ခွင့်ပြုချက်မရှိဘဲ ပြုပြင်မွမ်းမံစဉ်အတွင်း ပြိုကျခဲ့ခြင်းဖြစ်ပြီး ကျောင်းသားအများအပြား ပိတ်မိခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေး သမားများသည် အောက်တိုဘာ ၂ ရက်က စတင်ပြီး အကြီးစားစက်ယန္တရားများဖြင့် တူးဖော်မှုကို လုပ်ဆောင်လျက်ရှိကြောင်း သေဆုံးသူအရေအတွက် ဆက်လက်တိုးလာနိုင်ကြောင်း ထုတ်ပြန်ထားသည်။

ဆင်ဟွာ

# နီပေါနိုင်ငံ၌ သဘာဝဘေးဖြစ်စဉ်များကြောင့် ၄၃ ဦး သေဆုံး

**ခတ္တမန္ဒူ အောက်တိုဘာ ၅**

နီပေါနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီး၊ မြေပြိုမှုများကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း လူ ၄၃ ဦး သေဆုံးကြောင်း အောက်တိုဘာ ၅ ရက်တွင် အစိုးရအေဂျင်စီတစ်ခုက ထုတ်ပြန်ကြေညာသည်။

သေဆုံးသူ ၄၃ ဦးအနက် မြေပြိုမှုကြောင့် ၃၈ ဦး၊ မိုးကြိုးပစ်မှုကြောင့် သုံးဦးနှင့် ရေကြီးမှုကြောင့် နှစ်ဦးသေဆုံးခဲ့ကြောင်း အမျိုးသားဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည်။ ထို့ပြင် ရေကြီးမှုအတွင်း လေးဦးပျောက်ဆုံးနေကြောင်းနှင့် ဘေးအန္တရာယ်များကြောင့် လူ ၁၂ ဦး ဒဏ်ရာရခဲ့ကြောင်း အေဂျင်စီက ထုတ်ပြန်သည်။

နီပေါနိုင်ငံ အရှေ့ပိုင်းရှိ အီလမ်ခရိုင်၌ မြေပြိုမှုကြောင့် သေဆုံးသူ ၃၇ ဦးရှိကြောင်းနှင့် နီပေါတပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များသည် နေရာ ၂၈ ခုတွင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း နီပေါတပ်ဖွဲ့က ပြောကြားသည်။

အောက်တိုဘာ ၃ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နိုင်ငံတစ်ဝန်း မြေပြိုမှုနှင့် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ပြီး နီပေါနိုင်ငံ၏ အကြီးဆုံးနှင့် အရေးပါဆုံး ဟိန္ဒူဘာသာရေးပွဲတော်တစ်ခုဖြစ်သည့် Dashain ပွဲတော်ကာလအတွင်း အဝေးပြေးလမ်းမကြီးများနှင့် ကားလမ်းအချို့ ဆက်သွယ်မှု ပြတ်တောက်လျက်ရှိသည်။

သဘာဝဘေးဖြစ်စဉ်များကြောင့် အောက်တိုဘာ ၄ ရက်မှ စတင်ကာ ခတ္တမန္ဒူချိုင့်ဝှမ်းဒေသအတွင်း မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှုကို သုံးရက်ကြာ တားမြစ်ထားပြီး ခတ္တမန္ဒူရှိ ထရီဘူဗန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်တွင်းလေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းခဲ့ပြီးနောက် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် ပြန်လည်စတင်လည်ပတ်နိုင်ခဲ့သည်။

ဆင်ဟွာ



နီပေါနိုင်ငံ ဆာလာဟီခရိုင်ရှိ ရေကြီးမှုကြောင့် ပျက်စီးသွားသော မာလန်ဂွါသွား လမ်းပိုင်းတစ်နေရာ။

## မုဒုံမြို့ရှိ ဆံတော်ရှင်ကန်ကြီးစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ

**မုဒုံ အောက်တိုဘာ ၅**

မုဒုံမြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကန်ကြီးစေတီတော်မြတ်ကြီး၏ (၁၅၁) ကြိမ်မြောက် သီတင်းကျွတ် ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကန်ကြီးမင်္ဂလာကန်တော်၌ ကျင်းပသည်။

ဦးစွာ ကန်ကြီးစေတီ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကေတုဝါရနှင့် ဂေါပကအဖွဲ့ဝင်များသည် ကန်ကြီးစေတီတော်နှင့် မင်္ဂလာကန်တော်အား ရှိခိုးဦးတိုက်ကန်တော့၍ ပြိုင်ပွဲအား စတင်ဖွင့်လှစ်ပေးပြီး မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ၌ မုဒုံမြို့ပေါ်ရပ်ကွက်များမှ လှေလှော်အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် မာရဇိန်လှေလှော်အသင်းနှင့် အောင်သိဒ္ဓိလှေလှော်အသင်းတို့က ယှဉ်ပြိုင်လှော်ခတ်ကြကြောင်း သိရသည်။



ရာမည(ပြန်/ဆက်)

## ရန်ကင်းမြို့နယ်၌ အကြိမ် (၅၀) မြောက် ရွှေရတုသဘင် သက်ကြီးပူဇော်ပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကင်းမြို့နယ် အမှတ်(၅) ရပ်ကွက်လုံးဆိုင်ရာ အကြိမ် (၅၀) မြောက် ရွှေရတုသဘင် သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၄ ရက်က အဆိုပါ ရပ်ကွက် ဓမ္မိကဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ရပ်ကွက်အတွင်းရှိ အသက် ၇၅ နှစ်နှင့်အထက် ဘိုးဘွား ၁၈၂ ဦးအား အခမ်းအနားမှူး ဦးတိုးလှိုင်က ပူဇော်ကန်တော့ချီးဖြင့် တိုင်တည်ကာ ကန်တော့ခဲ့ကြပြီး ကန်တော့ခံငွေများနှင့် ကန်တော့ခံ ပစ္စည်းများကို ဘိုးဘွားများအား ပေးအပ်လှူဒါန်းခဲ့သည်။

လှလှထွေး(ပြန်/ဆက်)

## ပုဗ္ဗသီရိမြို့နယ်၌ ကျောင်းသားလူငယ်များ၏ ဓမ္မစကြာရွတ်ဆို ပြိုင်ပွဲကျင်းပ

**ပုဗ္ဗသီရိ အောက်တိုဘာ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသားလူငယ်များအနေဖြင့် ဘာသာတရား ရိုသေကိုင်းရှိုင်းပြီး နူးညံ့သိမ်မွေ့ယဉ်ကျေးသော ကျောင်းသားလူငယ်များ ဖြစ်လာကြစေရန်၊ အမျိုးဘာသာ သာသနာ ထိန်းသိမ်းတတ်စေရန် ရည်ရွယ်၍ ဓမ္မစကြာရွတ်ဆိုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဘုရားခန်းမ၌ ကျင်းပသည်။



ကျောင်းသား ကျောင်းသူလေးများအနေဖြင့် ဘာသာတရားကို အလေးထားပြီး လူကြီးမိဘ၊ ဆရာသမားများ၏ ပြောဆိုသွန်သင်ဆိုဆုံးမမှုကို နာခံလိုက်နာတတ်စေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ဓမ္မစကြာပါဠိတော်စာသား၏ အနက်အဓိပ္ပာယ်နှင့် အကျိုးကျေးဇူးများ တရားဦးအကြောင်းအရာများကို သိရှိနားလည်နိုင်စေရန်အတွက် အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၂၀ တို့က အဖွဲ့လေးဖွဲ့ခွဲ၍ ဓမ္မစကြာရွတ်ဆိုပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းနွမ်ခမ်းထံမှ သိရသည်။

နန်းရွှေရတီ(ပြန်/ဆက်)

## ပခုက္ကူမြို့၌ မြန်မာ့ရိုးရာခြင်းခတ်ကစားယဉ်ကျေးမှု တိမ်ကောပပျောက်မှုမရှိစေရေး ခြင်းလုံးအလှခတ်ပွဲကျင်းပ

**ပခုက္ကူ အောက်တိုဘာ ၅**

မြန်မာ့ရိုးရာ ခြင်းခတ်အားကစား ယဉ်ကျေးမှုတိမ်ကောပပျောက်မှု မရှိစေရေးနှင့် မျိုးဆက်သစ်လူငယ်များ လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်စေရေးရည်ရွယ်၍ အောက်တိုဘာ ၄ ရက်က ပခုက္ကူမြို့ ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာ ဘုရားကြီးဝင်းအတွင်း၌ သီတင်းကျွတ် မီးထွန်းပွဲတော်အထိမ်းအမှတ်အဖြစ် ခြင်းလုံးအလှခတ်ပွဲ ပြုလုပ်သည်။

ဦးစွာ ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးစိုးမြင့်က ခြင်းလုံးအလှခတ်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များ အကြောင်း ရှင်းလင်းပြောကြားပြီး ပခုက္ကူမြို့နယ် ခြင်းလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဘိုမြင့်က ခြင်းလုံးအလှခတ်ပွဲ စည်းမျဉ်းစည်းကမ်းများနှင့် ပွဲစဉ်အစီအစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ သီတင်းကျွတ် မီးထွန်းပွဲတော် အထိမ်းအမှတ် ခြင်းလုံးအလှခတ်ပွဲ ပါဝင်မည့် အားကစားအသင်းအလိုက် မဲနှိုက်ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု ခြင်းအလှခတ် ကစားနည်းများဖြစ်သော ဒူး၊ခြေဖျား၊ ခြေဖမိုး၊ခြေဖဝါး၊ ခြေဖနောင့်၊ ခြေခွင်၊ ခြေစောင်း၊ ပခုံး၊ခေါင်း၊ ကျောကုန်း၊ တံတောင်၊ ရိုးရိုးဒူး၊ နှစ်ထပ်ဒူး၊ ဝိုက်ဒူး၊ မဟာဒူး၊ စလွယ်ခြင်း၊ ဝိုက်ခြင်း၊ ရှပ်ခြေထိုးခြင်း စသည့်အမှတ်အသားများဖြင့် အဖွဲ့လိုက် ခြင်းအလှခတ် ကစားကြသည်။

ဘာမီသာ(ပခုက္ကူ)

## ဗုဒ္ဓပူဇနိယပွဲတော်ကာလအတွင်း ဇာတ်ရုံနှင့် ဈေးဆိုင်ခန်းများအား မီးဘေးလုံခြုံရေးစစ်ဆေး



**မကွေး အောက်တိုဘာ ၅**

မကွေးမြို့ရှိ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား အောက်တိုဘာ ၁ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပွဲတော်ကျင်းပနေစဉ်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် ဇာတ်ရုံနှင့် ဈေးဆိုင်ခန်းများအား မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

အဆိုပါမီးဘေးလုံခြုံရေးစစ်ဆေးရာတွင် မြို့နယ်မီးသတ် ဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ကပြဖျော်ဖြေမည့် ဇာတ်ရုံနှင့် ဘုရားပွဲတော်တွင် ရောင်းချလျက်ရှိသော ဈေးဆိုင်ခန်းများအား လျှပ်စစ်မီးသုံးစွဲမှုစနစ်တကျရှိစေရေး၊ မီးသုံးစွဲမှုသတိရှိစေရေး၊ရေရရှိရေးစစ်ဆေးခြင်း၊ ဇာတ်ရုံနှင့် ဈေးဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးထားရှိစေရေးတို့ကို လိုက်လံသတိပေးစစ်ဆေးခဲ့သည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

## ဟိုင်းကြီးကျွန်းမြို့၌ အခြေခံမွေးမြူရေးနှင့် အာဖရိကဝက်အပြင်းဖျားရောဂါကာကွယ်ရေး အသိပညာပေးဟောပြော

**ဟိုင်းကြီးကျွန်း အောက်တိုဘာ ၅**

ဟိုင်းကြီးကျွန်းမြို့၌ ဒေသခံပြည်သူများ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် အခြေခံမွေးမြူရေးနှင့် အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျုံကူးကျေးရွာအုပ်စု ရေကျော်အောက် ခေတ်မီစံပြကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဟိုင်းကြီးကျွန်းမြို့ရုံးတာဝန်ခံ ဦးထက်မျိုးဝေက မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အခြေခံသိမှတ်ဖွယ်ရာများ၊ ဆောင်ရန်ရှောင်ရန်များနှင့် အာဖရိကဝက်အပြင်းဖျားရောဂါ၏ လက္ခဏာများ၊ ဆောင်ရန်ရှောင်ရန်များကို ရှင်းလင်းပြောကြားရာ တက်ရောက်လာသူများက သိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးပြီး အခမ်းအနားသို့ ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးရယ်လွင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဟိုင်းကြီးကျွန်းမြို့ ရုံးတာဝန်ခံ၊ စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ဦးစီးမှူး ဦးဝေလင်းထက်၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



လှိုင်မျိုးအောင်(ပြန်/ဆက်)



သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမပေါ်တွင် မော်တော်ယာဉ်နှင့် လမ်းသွားလမ်းလာများ အဆင်ပြေချောမွေ့စေရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ သဃ်န်းကျွန်းမြို့နယ်၌ အဖွဲ့များခွဲကာ လမ်းမီးတိုင်စိုက်ထူခြင်းလုပ်ငန်းများကို မြို့နယ်လက်ထောက်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းတိုး၏ ခေါင်းဆောင်မှုဖြင့် ဘဝမြင့်မှတ်တိုင်မှ ဘုရားလမ်းမှတ်တိုင်ထိ ၂၉ တိုင်အား အချိန်မီပြီးစီးနိုင်ရေး သက်ဆိုင်ရာပညာရှင်များက အောက်တိုဘာ ၃ ရက်တွင် ဆောင်ရွက်စဉ်။

ဇော်မိုး(သဃ်န်းကျွန်း)

## သာယာဝတီမြို့၌ မြစ်ကမ်းပြိုမှုကြောင့် ကြိုတင်ပြောင်းရွှေ့နေအိမ်များအတွက် ငွေနှင့်ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်

**သာယာဝတီ အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် အောက်တိုဘာ ၃ ရက်က စံရွှေးကျေးရွာအုပ်စု စံရွှေးကျေးရွာတွင် မြစ်မခမြစ်ကမ်းပြိုမှုကြောင့် ကြိုတင်ပြောင်းရွှေ့နေအိမ်များအတွက် အောက်တိုဘာ ၄ ရက်က ထောက်ပံ့ငွေနှင့်ဆန်ရိက္ခာများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းသို့ ထောက်ပံ့ပေးအပ်ခြင်းကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းဝင်းမာနှင့် တာဝန်ရှိသူများက မြစ်မခမြစ်ကမ်းပြိုကျနေမှုကြောင့် စံရွှေးကျေးရွာအုပ်စု စံရွှေးကျေးရွာမှ ကြိုတင်ပြောင်းရွှေ့နေအိမ် ၁၂ လုံးအတွက် ပြောင်းရွှေ့စရိတ် ငွေကျပ် ၁၂ သိန်း၊ လူဦးရေ ၅၂ ဦးအတွက် ဆန်ရိက္ခာထောက်ပံ့ငွေကျပ် ၂၆၅၆၀၀ တို့ကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မြို့နယ်များ၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပ



## နမ့်စန်(တ)

နမ့်စန်မြို့နယ်၌ အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက်က အမှတ်(၂)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်) သရဖီခန်းမ၌ ကျင်းပသည်။

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်မြတ်ဆရာပူဇော်ကန်တော့ပွဲသို့ ခရိုင် ပညာရေးမှူး ဦးကျော်နိုင်သွင်၊ မြို့နယ်ပညာရေးမှူး ဦးဇင်မင်းထွန်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်မင်း နှင့် ဒေါ်လင်းလင်းထိုက်နှင့် ပညာရေးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ပြီး နမ့်စန်မြို့နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား ဆရာကြီး ဆရာမကြီး စုစုပေါင်း ၃၉ ဦးကို ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**



## အိမ်မဲ

အိမ်မဲမြို့နယ် အထက(၂)ကျောင်း၏ ပညာ့ဗိမာန်ခန်းမ၌ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဒေါက်တာသန်းဌေးက ဖတ်ကြားပြီး တာဝန်ရှိသူများက ဆရာကြီး ဆရာမကြီးများအား ကန်တော့လက်ဆောင်များဖြင့် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**



## လားရှိုး

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းရှိ ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

အဆိုပါပူဇော်ကန်တော့ပွဲသို့ တက်ရောက်လာသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ခရိုင်ပညာရေးမှူးရုံးမှ ပညာရေးမှူး ဦးအေးဝင်းနှင့် လားရှိုးမြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ ဆရာမတို့က လက်ဆယ်ဖြာဦးထိပ်မိုး၍ ရှိခိုးကန်တော့ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## မိုင်းဖြတ်

မိုင်းဖြတ်မြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၅ ရက်က အထက(မိုင်းဖြတ်)ရှိ ရွှေလီဆောင်ခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဗိုလ်မှူးကြီး သန့်လွင်စိုးက ဖတ်ကြားသည်။ ထို့နောက် မြတ်ဆရာပူဇော်ပွဲကို ကျင်းပရာ ပညာရေးမိသားစုများက အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကန်တော့ခံပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကြံခင်း

အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကောင်မတီအဖွဲ့အတွင်းရေးမှူး မြို့နယ်ရဲတပ် ဖွဲ့မှူး ရဲမှူးကြည်စိုးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် သဝဏ်လွှာအား ဖတ်ကြားပြီး ပညာရေးဌာနတွင် အငြိမ်းစားယူသွားကြသော အသက်(၇၀)နှစ်အထက် ဆရာကြီး ဆရာမကြီးများအား အခမ်းအနားတက်ရောက်လာကြသော မြို့နယ်ပညာရေးမှူးရုံးမှ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများက ကန်တော့ကြသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## မင်းလှ

မင်းလှမြို့နယ်တွင် မြို့နယ်အဆင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၅ ရက်က အထက မင်းလှ(မြို့တွင်း)ကျောင်း သပြေခန်းမ၌ ကျင်းပသည်။

ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို မြတ်ဆရာသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီ




သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးလှငွေးက ဖတ်ကြားပြီး ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် အသက်(၇၅)နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီး ၉၇ ဦးအား ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**



## သုံးခွ

သုံးခွမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် သက်ပြည့်ပင်စင်ယူသွားကြသော အသက်(၇၀) နှင့်အထက် ဆရာကြီး ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အထက(၁) ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ဆရာကြီး ဆရာမကြီးများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီးနှစ်ဦးက ဩဝါဒစကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ဆရာကြီး ဆရာမကြီး ၈၀ အား ကန်တော့ခံပစ္စည်းများ ပေးအပ်ပြီး ဂါရဝပြုကန်တော့ခဲ့ကြသည်။

**စည်သူလင်း(ပြန်/ဆက်)**



## တီးတိန်

ချင်းပြည်နယ် တီးတိန်မြို့၌ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ၅ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စံကိုက်ညီကျောင်းဆောင်၌ ကျင်းပသည်။

ဦးစွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများက မြတ်ဆရာသီချင်းဖြင့် ဂုဏ်ပြုသီဆိုကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူးက ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားကာ တီးတိန်မြို့နယ်အတွင်းရှိ အသက် ၇၀ နှစ်ပြည့် သက်ကြီးဆရာ ဆရာမ ၅၄ အား တာဝန်ရှိသူများက ကန်တော့ပစ္စည်းနှင့် ကန်တော့ငွေများ ပေးအပ်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဆင်ပေါင်ဝဲ

ဆင်ပေါင်ဝဲမြို့နယ်တွင် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများက ဆရာကြီး ဆရာမကြီးများအား ဆုတောင်းမေတ္တာပို့ ကန်တော့ကြသည်။ ဆက်လက်၍ ဆရာကြီး၊ ဆရာမကြီးတို့က မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများအား ဆုံးမဩဝါဒစကားများ ပြောကြားသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားမှု ပြည်သူများ လာရောက်ကြည့်ရှု

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအား မဲပေးပိုင်ခွင့်ရှိသူ မဲစာရင်းများကို ပထမအကြိမ်မြောက်ဖြစ် ဒဂုံမြို့သစ်



(ဆိပ်ကမ်း)မြို့နယ် မဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် ကပ်ထားကြေညာလျက်ရှိရာ မဲဆန္ဒရှင်မဲပေး ပိုင်ခွင့်ရှိသူများက မိမိတို့၏ အမည်ပါ မပါ မဲစာရင်းများကို လာရောက်ကြည့်ရှုခဲ့သည်။

အဆိုပါ ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်နေ့အထိ သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်ရုံးများတွင် ကပ်ထားကြေညာထားရှိမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့် လည်းကောင်း၊ ကန့်ကွက်လိုလျှင် ပုံစံ(၄)ဖြင့် လည်းကောင်း၊ အချက်အအလက်များ မှားယွင်းနေလျှင် ပုံစံ(၄-က)ဖြင့်လည်းကောင်း၊ လျှောက်ထားနိုင်ကြောင်းနှင့် လိုအပ်သည်များကိုလည်း တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**

# ဂန့်ဂေါမြို့၌ ကျောင်းအခြေပြု ကာကွယ်ဆေးများ ထိုးနှံ

**ဂန့်ဂေါ အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ မြို့ပေါ်ရှိအခြေခံပညာကျောင်းများမှ အသက်ငါးနှစ်မှ ခုနစ်နှစ်အထိ ကျောင်းသား ကျောင်းသူများနှင့် အသက်ကိုးနှစ်မှ ၁၀ နှစ်အထိကျောင်းသူများအား ကျောင်းအခြေပြု ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးများ ထိုးနှံခြင်းကို အောက်တိုဘာ ၂ ရက်မှ စတင်၍ ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာကျော်ကျော်လွင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးမှူး-၁ ဦးထွန်းဇော်လင်း ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက ဂန့်ဂေါမြို့ပေါ်ရှိ အခြေခံပညာကျောင်းများဖြစ်သည့် အ.မ.က (တပ်တွင်း) ကျောင်း၊ အ.မ.က (မြို့မတောင်ပိုင်း) ကျောင်း၊ အ.လ.က(ခွဲ) (စည်ပင်သာယာ)



ကျောင်း၊ အ.လ.က(ခွဲ) (ကျောတိုက်)ကျောင်း၊ အ.လ.က(မြောက်ကုန်း)ကျောင်း၊ အ.လ.က(ပြစ်မ) ကျောင်းနှင့် အ.ထ.က (မြို့မ) ကျောင်းများတွင် ကျောင်းအခြေပြု ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးကို အသက်ငါးနှစ်မှ ခုနစ်နှစ်အတွင်းရှိကျောင်းသား ကျောင်းသူ ၂၄၁ ဦးအား လည်းကောင်း၊ သားအိမ်ခေါင်း ကင်ဆာကာကွယ်ဆေးကို အသက် ကိုးနှစ်မှ ၁၀နှစ်အတွင်းရှိ ကျောင်းသူ ၁၂၈ ဦးအား လည်းကောင်း စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၆၉ ဦး ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြသည်။

**မောင်မျိုးမင်း**

# ရေးမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးနှင့် ဆုံဆို့မေးခိုင်ကာကွယ်ဆေး ထိုးနှံပေး

**ရေး အောက်တိုဘာ ၅**

မွန်ပြည်နယ် ရေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ဆုံဆို့မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်းကို အောက်တိုဘာ ၁ ရက်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်တပ်နယ်မှူး ဗိုလ်မှူးကြီး ကောင်းဇော်မြင့်က အမှာစကားပြောကြားပေးပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်မျိုးထက်က ကျောင်းအခြေပြုကာကွယ်ဆေးထိုးနှံရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပေးသည်။

ထို့နောက် အသက်ကိုးနှစ်ပြည့်ပြီး ၁၀ နှစ် မကျော်သော ကျောင်းသူ ၆၉ ဦးတို့အား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးနှင့် အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သော KG ကျောင်းသား ကျောင်းသူ ၄၆ ဦးတို့အား ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစကား ပြောကြားသည်။

ထို့အတူ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းအခြေပြု ဆုံဆို့မေးခိုင်ရောဂါ ကာကွယ်ဆေးကို ကျောင်းသား ကျောင်းသူ ၃၈၇၉ ဦးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးကို ကျောင်းသူ ၂၀၂၈ ဦးတို့အား ဆက်လက်ထိုးနှံ ပေးသွားမည်ဖြစ်ကြောင်း သိရသည်၊

**မြို့နယ်(ပြန်/ဆက်)**





# ပေါက်ခေါင်းမြို့နယ်၌ မျိုးမြေပဲနှင့် သွင်းအားစုများပေးအပ်

**ပေါက်ခေါင်း အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ မြို့နယ်သမဝါယမဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မြေပဲစိုက်ပျိုးသည့် အခြေခံသမဝါယမအသင်းသားတောင်သူများအား ပန်းတိုင်အထွက်နှုန်းရရှိစေရေး မျိုးနှင့်သွင်းအားစုများပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးမွေးမြူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက ဆောင်းဆီထွက်သီးနှံ(မြေပဲ) စိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများအား ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်ရန် လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မြေပဲစိုက်ပျိုးသည့် အခြေခံသမဝါယမအသင်း ၁၅ သင်း၊ အသင်းသားတောင်သူ ၃၉၀၊ စိုက်ဧက ၂၅၀၀ အတွက် မြို့နယ်သမဝါယမအသင်းစုအစီအစဉ်ဖြင့် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းကျပ်နှုန်းနှင့် ညီမျှသော မြေပဲမျိုးနှင့် သွင်းအားစုများအား အသင်းသားတောင်သူများကိုယ်စား အမှုဆောင်အဖွဲ့များသို့ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**



# ပြည်မြို့နယ်၌ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မြေပဲမျိုးနှင့် သွင်းအားစုများပေးအပ်

**ပြည် အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်သမဝါယမဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆောင်းရာသီတွင် ဆီထွက်သီးနှံမြေပဲစိုက်ပျိုးမည့် သမဝါယမအသင်း ၁၀ သင်းမှ အသင်းသားတောင်သူ ၄၂၆ဦး၏ စိုက်ဧက ၃၀၀၀ အတွက် တစ်ဧကလျှင် သုံးသိန်းကျပ်နှင့်ညီမျှသော မြေပဲမျိုးနှင့် သွင်းအားစုများပေးအပ်ပွဲကို အောက်တိုဘာ ၁ ရက်က ပြည်မြို့ ရွှေတံခါးရပ်ကွက် တာဂွလမ်းဆုံအနီးရှိ "သမာဓိ" မျိုးစေ့နှင့် စိုက်ပျိုးရေးသုံးဆေးပစ္စည်းအရောင်းဆိုင်၌ ကျင်းပသည်။

ဦးစွာ ပြည်မြို့နယ်သမဝါယမဦးစီးဌာနမှူး ဦးသက်ပိုင်စိုးက ဆောင်းဆီထွက်သီးနှံ(မြေပဲ)စိုက်ပျိုးမှု ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာနည်းလမ်းများအား ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများက သမဝါယမအသင်းသားတောင်သူများအတွက် မြေပဲမျိုးနှင့် သွင်းအားစုများ ပေးအပ်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



သရက်ချောင်းမြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုဖြင့် ပုံမှန်ကာကွယ်ဆေးတိုက်ကျွေး/ထိုးနှံပေးခြင်းကို အောက်တိုဘာ ၁ ရက်က သရက်ချောင်းမြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးစဉ်။ ပြည့်ဖြိုးပိုင်(ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တောမြို့ ကျန်းမာရေးဦးစီးဌာနမှ မြို့ပေါ်ရပ်ကွက်အတွင်းရှိ အသက်နှစ်နှစ်မှ ငါးနှစ်အထိ ကလေးများအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံခြင်းကို အောက်တိုဘာ ၂ ရက်က စတင်၍ အင်တောတိုက်နယ်ကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်အေးအေးသန်းနှင့်ဝန်ထမ်းများက ထိုးနှံပေးစဉ်။ အင်တော(ပြန်/ဆက်)





မွန်ပြည်နယ် ကျိုက်ထိုမြို့၌ အောက်တိုဘာ ၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ကျန်းမာရေးဝန်ထမ်းများက ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယို၊ ဝက်သက်၊ ဂျိုက်သိုး ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ဖြစ်စေတတ်သော ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်-ဆုံဆို့နာ ကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## မွန်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း ၂၀၂၅ ကောက်ယူနိုင်ရေးအတွက် ကြိုတင်ရှင်းလင်း

**မော်လမြိုင် အောက်တိုဘာ ၅**

မွန်ပြည်နယ် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း (၂၀၂၅) ကောက်ယူနိုင်ရေးအတွက် ကြိုတင်ရှင်းလင်းခြင်း အခမ်းအနားကို အောက်တိုဘာ ၂ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်စီးပွားရေးရာဝန်ကြီး နိုင်လယိတမက မွန်ပြည်နယ်အနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို နိုင်ငံတော်၏ မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးငွေလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်တမ်းမှ ရရှိသည့် အချက်အလက်များကို လေ့လာဆန်းစစ်ပြီး MSME ထုတ်လုပ်မှု အခန်းကဏ္ဍ မြင့်မားတိုးတက်လာစေရေး မူဝါဒများ ချမှတ်ခြင်းနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲနိုင်ရန် သုတေသနပြု ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များ အသုံးပြုနိုင်မည်ဖြစ်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(ကုန်ထုတ်လုပ်မှု) စစ်တမ်း (၂၀၂၅) ကောက်ယူနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းမှုများကို စစ်တမ်းကောက်ယူရေး လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်းကောက်ယူရေး လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒေါ်ဖြူပြာထွန်းက MSME စစ်တမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်က MSME ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ချေးငွေအဆိုပြုလွှာတင်ပြရမည့် အထောက်အထားများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း (၂၀၂၅) ကောက်ယူရေးလုပ်ငန်းကို အောက်တိုဘာ ၂၂ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**သထုံ အောက်တိုဘာ ၅**

သမဝါယနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သထုံခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုများ ဝင်ငွေတိုးရေး စီမံကိန်းအရ ယခုဘဏ္ဍာနှစ်တွင် သထုံခရိုင်အတွင်း ဖွင့်လှစ်ခဲ့သည့် သင်တန်းတို့က ထူးချွန်သင်တန်းသားများအား ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်ပွဲကို အောက်တိုဘာ ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးအောင်က ယခုချီးမြှင့်ပေးအပ်သည့် လုပ်ငန်းသုံးပစ္စည်းများဖြင့် သင်ကြားထားသည့် နည်းပညာများကို အသုံးချကာ ကိုယ်ပိုင်လုပ်ငန်းငယ်များ၊ အသေးစား၊ အငယ်စား လုပ်ငန်းများမှ တစ်ဆင့် အလတ်စား၊ အကြီးစား အောင်မြင် ကျော်ကြားသည့် လုပ်ငန်းရှင်များ ဖြစ်သည်အထိ ကြိုးပမ်းကြစေလိုကြောင်း အမှာစကားပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးခွန်ထွန်းထွန်းလှက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းနှင့် စပ်လျဉ်းသည်တို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးအောင်၊ ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှူး ဒေါ်အိကလျာနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်တို့က သင်တန်းအသီးသီးတို့မှ ထူးချွန်သင်တန်းသား သင်တန်းသူ ၁၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၂ သိန်းနှင့် ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် ခရိုင်အတွင်းရှိ ကျေးရွာခုနစ်ရွာတို့၌ ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေးစီမံကိန်းဖြင့် သင်တန်းများ ဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းတို့မှ ထူးချွန်သူ ၁၅ ဦးတို့ကို ရွေးချယ်ကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ဉာဏ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**ကျောက်တန်း အောက်တိုဘာ ၅**

ကျောက်တန်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများကို အောက်တိုဘာ ၃ ရက်က အ.လ.က(ခွဲ) (ကွင်းပေါက်) ကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်ထွန်းက အမှာစကား ပြောကြားသည်။ ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ဂိမ်းကစားပြိုင်ပွဲများ ဆက်လက်ကျင်းပရာ မူလတန်းလွန်းအဆင့် ကျောင်းသား ကျောင်းသူလေးများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင်ဆုရရှိသော ပထမ၊ ဒုတိယ၊ တတိယ၊နှစ်သိမ့်ဆု ရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ကြသည်။

**သန့်ဇင်ထွန်း**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။



ဆိပ်ကြီးခနောင်တိုမြို့နယ်၌ မွေးကင်းစမှ အသက် တစ်နှစ်ခွဲအရွယ် ကလေးငယ်များအားပုံမှန် ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းကို အောက်တိုဘာ ၂ ရက်မှ စတင်ကာ မြို့နယ်အတွင်းရှိဒေသန္တရဆေးပေးခန်း၌ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက် ၉ ရပ်ကွက်မှ အသက် (နှစ်လ၊ လေးလ၊ ခြောက်လ၊ ကိုးလမှ တစ်နှစ်ခွဲအရွယ်အထိ) ကလေးငယ်များ၏ အသက်အပိုင်းအခြားအလိုက် ငါးမျိုးစပ် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ပိုလီယိုအစက်ချဆေး တိုက်ကျွေးခြင်း၊ပေါင်ချိန်ပေးခြင်း၊ ကလေးငယ်များအတွက် အခြား ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများကို ဆောင်ရွက်ပေးစဉ်။

ဝေယံ(ပြန်/ဆက်)



ကိုကိုးကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ အောက်တိုဘာ ၂ ရက်က မွေးကင်းစမှ ခြောက်လအောက် ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများကို ကိုကိုးကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်စဉ်။

ထွန်းထွန်းဇော်(ပြန်/ဆက်)




သဃ်န်းကျွန်းမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အောက်တိုဘာ ၂ ရက်က မွေးစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ရောဂါကာကွယ်ဆေး ပုံမှန်တိုက်ကျွေး၊ ထိုးနှံခြင်းအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စောအောင်ရွှေဖြူ၏ ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရုံးဝန်ထမ်းများက ထိုးနှံပေးစဉ်။

ဇော်မိုး(သဃ်န်းကျွန်း)



ပေါင်မြို့နယ်၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များ ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းမှစတင်ကာ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ကျန်းမာရေး ဝန်ထမ်းများက ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ် ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သော ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်-ဆုံဆို့နာ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

မွန်မလေး(ပြန်/ဆက်)



ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)ကို အဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့ ဆက်လက်ရှင်းပြပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about your daily schedule in English (ကိုယ့်ရဲ့တစ်နေ့တာ လုပ်ငန်းစဉ်ကို အင်္ဂလိပ်လို ဘယ်လိုပြောရမလဲ)ဆိုတာကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာ ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်)အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**3. Adjective (နာမဝိသေသန)**

Adjective ဆိုသည်မှာ ဝါစင်္ဂ(၈)မျိုးတွင်ပါဝင်သည့် ဆိုလိုသည့် အဓိပ္ပာယ် သက်ရောက်အောင် ပြောဆိုသော စကားအစိတ်အပိုင်းတစ်မျိုးဖြစ်ပြီး Noun (နာမ်) သို့မဟုတ် Pronoun (နာမ်စား)တို့၏ အရည်အသွေး၊ အရွယ်အစား၊ အရောင်၊ ခံစားထင်မြင်ချက်၊ အရေအတွက် ပမာဏ သို့မဟုတ် တခြား ဝိသေသလက္ခဏာများကိုအသေးစိတ် အထူးပြုဖော်ပြသော ပုဒ်ဖြစ်သည်။

အလွယ်မှတ်မည်ဆိုပါက နာမ်တစ်ခု၏အဓိပ္ပာယ်ကို ပိုမိုလေးနက်သွားအောင် ထပ်မံပေါင်းထည့်ပေးသော စကားလုံးသည် Adjective ပင်ဖြစ်သည်။

ဥပမာ –

- the tall building
- the beautiful girl
- big/boring/purple/obvious/excited/generous/delicious/good/bad

**Adjectives in the sentence**

- The bright sun warmed the sandy beach.
  တောက်ပတဲ့နေက သဲသောင်ကို နွေးစေတယ်။
- The tall tree swayed in the wind.
  သစ်ပင်အမြင့်ကြီးက လေယူရာ ယိမ်းနေတယ်။
- He wore a stylish black suit.
  သူက သားနားတဲ့ အမည်းရောင်ဝတ်စုံကို ဝတ်ခဲ့တယ်။
- The fluffy cat slept soundly.
  အမွေးပွပွနဲ့ကြောင်ကလေးက နှစ်ခြိုက်စွာ အိပ်နေခဲ့တယ်။
- The intelligent student answered all the difficult questions correctly.
  ဉာဏ်ကောင်းတဲ့ ကျောင်းသားက ခက်ခဲတဲ့ မေးခွန်းတွေအကုန်လုံးကို မှန်ကန်အောင် ဖြေနိုင်ခဲ့တယ်။
- I love that beautiful old big green antique car that always parked at the end of the street.
  လမ်းအဆုံးမှာ အမြဲရပ်ထားတဲ့ လှပအိုဟောင်းကြီးမားတဲ့ အစိမ်းရောင် ရှေးခေတ်ကားကို ကျွန်တော် အရမ်းကြိုက်တယ်။

**4. Verb(ကြိယာ)**

ကြိယာဆိုသည်မှာ သက်ရှိ၊ သက်မဲ့တို့၏ ဖြစ်ပျက်ပုံ၊ ပိုင်ဆိုင်ပုံ၊ ဆောင်ရွက်ပုံတို့ကို ဖော်ပြသည့်စကားလုံးဖြစ်သည်။ အလွယ်မှတ်မည်ဆိုပါက သက်ရှိ၊ သက်မဲ့တို့၏ လုပ်ဆောင်ချက် သို့မဟုတ် အခြေအနေတစ်ရပ်ကို ဖော်ပြသည့် စကားလုံးပင်ဖြစ်သည်။ ကြိယာများသည် ၎င်းတို့၏ အမျိုးအစားပေါ်မူတည်ပြီး ပုံစံအမျိုးမျိုးကွဲပြားနိုင်ပြီး အဓိပ္ပာယ်လည်း အမျိုးမျိုးရှိနိုင်သည်။ ကြိယာသည် ဝါကျတိုင်းအတွက် မရှိမဖြစ် မပါမဖြစ် အရေးကြီးသည်။ အင်္ဂလိပ်စာ၏ အသက်သွေးကြောဟုပင် တင်စားကြသည်။

ဥပမာ –

- bring/read/walk/run/learn
- happen/become
- be/exist/stand

**Verbs in the sentence**

- The boy kicked the ball.
  ကောင်လေး ဘောလုံးကန်ခဲ့တယ်။
- Her parents are rich.
  သူ(မ)ရဲ့ မိဘတွေက ချမ်းသာတယ်။
- The flower smells nice.
  ပန်းပွင့်က အနံ့လေးသင်းနေတာပဲ။
- The caterpillar became a butterfly.
  ခူကောင်/ပေါက်ဖက်ကနေ လိပ်ပြာဖြစ်သွားတယ်။
- A river flows through the valley.
  မြစ်တစ်စင်းက တောင်ကြားကို ဖြတ်ပြီး စီးဆင်းသွားတယ်။

## Vocabulary Enrichment Programme

1. **beat about the bush** (ဝေ့လည်ကြောင်ပတ်ပြောသည်။)
   Will you stop **beating about the bush** and get to the point?
   ဝေ့လည်ကြောင်ပတ်ပြောတာတွေရပ်ပြီး လိုရင်းပြောတော့မလား။
2. **talk behind one's back** (နောက်ကွယ်၌ ပြောသည်။ အတင်းပြောသည်။)
   She **was talking behind your back** at the meeting yesterday.
   သူ(မ) မနေ့က အစည်းအဝေးမှာ သင့်အကြောင်း အတင်းပြောတယ်။
3. **to build castle in the air** (လေထဲတိုက်အိမ်ဆောက်သည်။ စိတ်ကူးယဉ်သည်။)
   You need sound financial advice and a strong plan if you're going to start your own business–**don't just build castle in the air.**
   ကိုယ်ပိုင်လုပ်ငန်းစတော့မယ်ဆိုရင် အားထားယုံကြည်လောက်တဲ့ ဘဏ္ဍာရေးအကြံဉာဏ်နဲ့ ခိုင်မာတဲ့ အစီအစဉ်ရှိဖို့လိုတယ်။ လေထဲမှာ တိုက်အိမ်ဆောက်နေရုံနဲ့မရဘူး။

## CONVERSATION



*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

**Conversation**

How to talk about daily schedule

I get up **at** six on weekdays.

I have lunch **at** 11:30 on Mondays.

I have a snack **around** 10:00 at night.

**On** Fridays, I leave school **early.**

I stay up **until** 1:00 a.m. **on** weekends.

I sleep **until** noon **on** Sundays.

I have dinner **at** 7:00 **on** weeknights.

I read a book **before** I go to sleep.

**On** weekends, I go to bed **at** 1:00 a.m.

**On** Thursdays, I leave work **at** 9:00 p.m.

I work late **on** Wednesdays.

I study **until** 11:00 after dinner.

အပေါ်မှာ ဖော်ပြထားတာတွေကတော့ ကိုယ့်ရဲ့ တစ်နေ့တာလုပ်ငန်းစဉ်ကို အင်္ဂလိပ်လို ဘယ်လိုပြောရမလဲဆိုတာပဲဖြစ်ပါတယ်။ ဒီနေရာမှာ အချိန်ဖော်ပြချက်တွေကို အထူးဂရုစိုက်ရမှာဖြစ်ပါတယ်။

**Language Focus:**

I get up **at** six on weekdays.

တိကျတဲ့ အချိန်ပြပုဒ်တွေရဲ့ ရှေ့မှာ ''at'' ကို သုံးပါတယ်။

I have a snack **around** 10:00 at night.

အဲဒီအချိန်ဝန်းကျင်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်စေချင်ရင်တော့ ''around'' ကို သုံးပါတယ်။

**On** Fridays, I leave school early./ I have dinner at 7:00 on weeknights.

ရက်တွေ၊ ရက်စွဲတွေ၊ ရက်သတ္တပတ်တွေ၊ ရက်သတ္တပတ် အဆုံးသတ်ရက်တွေရဲ့ရှေ့မှာ "on" ကို သုံးနိုင်ပါတယ်။

I sleep **until** noon on Sundays.

ထိအောင်၊ တိုင်အောင်ဆိုတဲ့ သဘောမျိုးသုံးချင်ရင်တော့ until ကို သုံးပါတယ်။

I read a book **before** I go to sleep.

Before ကို မတိုင်မီ၊ မတိုင်ခင်ဆိုတဲ့ သဘောမျိုး သုံးပါတယ်။

Late (နောကျသော) တွေ early (စောစော)ဆိုတဲ့ စကားလုံးတွေကို ဝါကျရဲ့အဆုံးမှာ ထည့်ပြောလေ့ရှိပါတယ်။

**Have a great daily schedule!**

**Nicole:** Hi, Mark! I'm so glad you came over!

**Mark:** Hi Nicole! How are you?

**Nicole:** I'm fine, thanks. And you?

**Mark:** I'm great!

**Nicole:** Let's sit on the swing and talk. I want to know you better.

**Mark:** OK!

**Nicole:** I'm so glad you moved here. So tell me about yourself. What's your typical day like?

**Mark:** Uhh, well, usually all my days are very busy, with lots of activities. I get up at 7:45, because my school only starts at 9. I go to the bathroom, I wash my face and brush my teeth. I have breakfast with my family at around 8:15. We usually have boiled eggs, milk with toast, butter and jam. We all leave home at 8:40. My parents drive me and my little sister to school and then they go to work. I have lunch at the cafeteria, at about 12:30. I leave school at 2 pm. I take the bus and go to a sports center where I play basketball.

**Nicole:** Basketball? That sounds awesome!

Nick: I am very passionate about basketball. One day I would like to play for my local team. At about 4 pm I finally get home. In the evening I eat a snack and watch TV for a while. At around 6 o'clock, I do my homework. I have dinner with my family at around 7 pm.

**Nicole:** How do you like to relax in the evening?

**Nick:** Well, I usually play the guitar. My little sister love to dance on my music. I chat with my friends then. Or I play computer games. Then I take a baht. At 10 O'clock, I turn off the light and go to bed.

**Nicole:** What about the weekends?

**Mark:** On weekends, I like going to the movies with my friends or I go cycling with my friends. We have so much fun together.

**Nicle:** Oh, nice. You have a great schedule!

**ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။**

# ဘိုင်ယန်မြူးနစ်က ဖရန့်ဖတ်ကို အနိုင်ယူပြီး ဘွန်ဒက်စ်လီဂါ ရာနှုန်းပြည့်နိုင်ပွဲ ဆက်လက်ထိန်းသိမ်း

ဘွန်ဒက်စ်လီဂါပွဲစဉ် (၆) အဖြစ် အောက်တိုဘာ ၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဖရန့်ဖတ်နှင့် အမှတ်ပေးဇယား ဦးဆောင်သူ ဘိုင်ယန်မြူးနစ်အသင်းပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက ဂိုးပြတ်နိုင်ပွဲရရှိပြီး ရာနှုန်းပြည့်နိုင်ပွဲကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ဂနာဘရီ၏ ဖန်တီးမှုကို လူးဝစ်ဒီယက်ဇ် အဆုံးသတ်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲအစတစ်မိနစ်တွင်ပင် ဘိုင်ယန်မြူးနစ်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ပွဲကစားချိန် ၁၄ မိနစ်တွင် အိမ်ရှင်ဖရန့်ဖတ်အသင်းက ချေပဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ် ပြန်လည်ကြည့်ရှုစစ်ဆေးပြီးနောက် ပယ်ဖျက်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။

ဖရန့်ဖတ်အသင်းသည် ပုံမှန်ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ ဘိုင်ယန်မြူးနစ်အသင်း၏ ဖိအားပေးမှုကို ဟန့်တားကာကွယ်ခဲ့ရသည်။ ပွဲကစားချိန် ၂၇ မိနစ်တွင် ဘိုင်ယန်မြူးနစ်အသင်း အဓိကတိုက်စစ်ကစားသမား ဟာရီကိန်းက အသင်းအတွက် ဒုတိယဂိုးသွင်းယူပေးခဲ့သည်။

ထို့နောက်တွင်လည်း ဘိုင်ယန်မြူးနစ်အသင်းကသာ ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ပွဲကစားချိန် ၈၄ မိနစ်တွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို လူးဝစ်ဒီယပ်ဇ်က သွင်းယူပေးခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုအနိုင်ပွဲကြောင့် ဘွန်ဒက်စ်လီဂါတွင် ခြောက်ပွဲကစား ခြောက်ပွဲနိုင် ရမှတ် ၁၈ မှတ်ဖြင့် အမှတ်ပေးဇယားကို အမှားအယွင်းမရှိ ဆက်လက်ဦးဆောင်ထားသည်။



■ ဖရန့်ဖတ်အသင်းဘက်သို့ ဘိုင်ယန်မြူးနစ်တိုက်စစ်ကစားသမား ဟာရီကိန်း ဂိုးသွင်းယူစဉ်။

# ပရီမီယာလိဂ်ပွဲစဉ် (၇) တွင် ချယ်ဆီး၊ နယူးကာဆယ်၊ အဲဗာတန်တို့နိုင်ပွဲရပြီး ဘရိုက်တန် သရေကျ

ပရီမီယာလိဂ်ပွဲစဉ် (၇) အဖြစ် အောက်တိုဘာ ၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် နာမည်ကြီး ချယ်ဆီးနှင့် လီဗာပူး အသင်းပွဲစဉ်တွင် ချယ်ဆီးအသင်းက အကြိတ်အနယ်ကစားကာ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အသင်းကြီးအချင်းချင်းတွေ့ဆုံမှု ဖြစ်သည့်အတွက် ပြိုင်ပွဲအစမှ ပြိုင်ပွဲပြီးဆုံးသည်အထိ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ ပွဲကစားချိန် ၁၄ မိနစ်တွင် ကိုင်စီဒိုက ချယ်ဆီးအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။

ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ခြေကုန်ထုတ်လာသော လီဗာပူးအသင်း၏ ကြိုးပမ်းအားထုတ်မှုသည် ပြိုင်ဘက်ခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံး ဟန့်တားကာကွယ်ထားနိုင်သည့်အတွက် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။

သို့သော်လည်း ပွဲကစားချိန် ၆၃ မိနစ်တွင် လီဗာပူးအသင်း ချေပဂိုးရရှိခဲ့ပြီး ဂတ်ပိုက သွင်းယူပေးခဲ့သည်။ နှစ်သင်းကြား ခြေစွမ်းကွာဟမှုမရှိဘဲ အပြန်အလှန်ထိုးဖောက် တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သည်။

ချယ်ဆီးအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲကစားချိန် ပြည့်ခါနီးတွင် အက်စ်တီဗာအိုက သွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးသုံးပွဲဆက်ရှုံးနိမ့်မှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် နယူးကာဆယ်က နော်တင်ဟမ်ဖောရက်စ်ကို နှစ်ဂိုး-ဂိုးမရှိ၊ အက်စ်တွန်ဗီလာက ဘန်လေကို နှစ်ဂိုး-တစ်ဂိုး၊ အဲဗာတန်က ခရစ္စတယ်ပဲလေ့စ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဝုဖ်နှင့် ဘရိုက်တန်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

# အစ်ဆွစ်က နော့ဝှစ်ချ်ကို အနိုင်ရပြီး အမှတ်ပေးဇယားတွင်အဆင့်တက်

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) မှ အောက်တိုဘာ ၅ ရက် ညနေ ၅ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် အစ်ဆွစ်နှင့် နော့ဝှစ်ချ်အသင်းပွဲစဉ်တွင် အစ်ဆွစ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

နော့ဝှစ်ချ်အသင်းသည် နိုင်ပွဲပြန်လည်ရရှိရေးအတွက် အသင်းကို အကောင်းဆုံး ပြင်ဆင်လာသော်လည်း အသင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်ရှိနေသောကြောင့် ရှုံးပွဲကြုံတွေ့ကာ နိုင်ပွဲနှင့် ဆက်လက်ဝေးကွာခဲ့ရသည်။

အစ်ဆွစ်အသင်းကသာ ပွဲကို ထိန်းချုပ်ကစားပြီး သွင်းဂိုးများ ရယူကာ အရေးပါသည့်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ အစ်ဆွစ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ချန်ပီယံရှစ် ကိုးပွဲကစားပြီး ရမှတ် ၁၃ မှတ်ဖြင့် အဆင့် ၉ တွင် ရပ်တည်နေသည်။ ပြိုင်ဘက် နော့ဝှစ်ချ်အသင်းက ရမှတ် ရှစ်မှတ်ဖြင့် အဆင့် (၁၉) တွင် ရပ်တည်နေသည်။

အစ်ဆွစ်အသင်းသည် လာမည့် ချန်ပီယံရှစ် ပွဲစဉ် (၁၀) တွင် ခြေစွမ်းထက်မြက်သည့် မစ်ဒယ်ဘရော့အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) အပြီးတွင် အမှတ်ပေးဇယားကို ကိုဗင်ထရီအသင်းက ဒုတိယနေရာမှ မစ်ဒယ်ဘရော့အသင်းထက် တစ်မှတ်အသာ ရမှတ် ၁၉ မှတ်ဖြင့် ဦးဆောင်ထားသည်။



■ အမေရိကန်တင်းနစ်မယ် အမန်ဒါ အနီဆီမိုဗာကို ဆုဖလားနှင့်အတူတွေ့ရစဉ်။

# ဗိုလ်လုပွဲတွင် နော့စကိုဗာကို အနိုင်ယူပြီး တရုတ်အိုးပင်းဖလား အနီဆီမိုဗာ ဆွတ်ခူး

တရုတ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် အောက်တိုဘာ ၅ ရက်က ချက်ဇ်တင်းနစ်မယ် လင်ဒါနော့စကိုဗာနှင့် အမေရိကန်တင်းနစ်မယ် အမန်ဒါ အနီဆီမိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အနီဆီမိုဗာက ၆-၀၊ ၂-၆၊ ၆-၂ ရလဒ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သိရသည်။

အနီဆီမိုဗာသည် တရုတ်အိုးပင်းပြိုင်ပွဲ ၆၄ ဦးအဆင့်တွင် ဗြိတိန်နာမည်ကြီးတင်းနစ်မယ် ဘော်လ်တာ၊ ၃၂ ဦးအဆင့်တွင် တရုတ်တင်းနစ်မယ်ရှောင်၊ ၁၆ ဦးအဆင့်တွင် ချက်ဇ်တင်းနစ်မယ် မူချိုဗာ၊ ကွာတားဖိုင်နယ်တွင် အီတလီတင်းနစ်မယ် ပါအိုလီနီတို့ကို အဆင့်ဆင့်ဖြတ်ကျော်ထားနိုင်သလို ဆီမီးဖိုင်နယ်တွင်လည်း တစ်နိုင်ငံတည်းဖြစ်သူ ကိုကိုဂေါ့ဖ်ကို ထပ်မံအနိုင်ယူကျော်ဖြတ်ကာ နောက်ဆုံးဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းလာသူဖြစ်သည်။

နော့စကိုဗာသည် ပိုတာပိုဗာ၊ ကာတဲလ်၊ ပဲဂူလာတို့ကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော်လည်း နောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက်အနီဆီမိုဗာကို ရှုံးနိမ့်ခဲ့သည့်အတွက် ဖလားဆွတ်ခူးခွင့်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

အနီဆီမိုဗာသည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သော်လည်း ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် ဆာဘယ်လင်ကာ ရှုံးနိမ့်ခဲ့သည့်အတွက် ဖလားဆွတ်ခူးခွင့် လွဲချော်ထားသူ ဖြစ်သည်။

၎င်းသည် မကြာမီကျင်းပမည့် ဝူဟန်အိုးပင်းပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

# ဝူဟန်အိုးပင်းဖလားကို စတုတ္ထအကြိမ်ရယူလိုသည့် ကမ္ဘာ့နံပါတ်တင်းတစ် တင်းနစ်မယ် ဆာဘယ်လင်ကာ



ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် အရှိုင်နာ ဆာဘယ်လင်ကာသည် WTA 1000 ဝူဟန်အိုးပင်းပြိုင်ပွဲတွင် စံချိန်တင် စတုတ္ထမြောက်ဆုဖလား ရယူနိုင်ရန်အတွက် တရုတ်နိုင်ငံအလယ်ပိုင်း ဝူဟန်မြို့သို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဘယ်လာရုစ်တင်းနစ်မယ် ဆာဘယ်လင်ကာသည် အသေးစားဒဏ်ရာရရှိခဲ့သောကြောင့် တရုတ်အိုးပင်းဖလားပြိုင်ပွဲမှ နုတ်ထွက်ခဲ့သူ ဖြစ်သည်။ အသက် ၂၇ နှစ်အရွယ် ဆာဘယ်လင်ကာသည် ၂၀၁၈ ခုနှစ်၊ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် ဝူဟန်အိုးပင်းဖလားကို ဆွတ်ခူးထားသူ ဖြစ်သည်။

ဆာဘယ်လင်ကာသည် ယခုပြိုင်ပွဲမတိုင်မီ စက်တင်ဘာလက ယူအက်စ်အိုးပင်းပြိုင်ပွဲကို နောက်ဆုံးယှဉ်ပြိုင်ထားပြီး ဗိုလ်လုပွဲတွင် ပြိုင်ဘက်အမေရိကန်တင်းနစ်မယ် အနီဆီမိုဗာကို ၆-၃၊ ၇-၆ (၇-၃) ရလဒ်ဖြင့် အနိုင်ယူကာ ဖလားဆွတ်ခူးထားနိုင်သူ ဖြစ်သည်။

■ မိုးဇက်-စုစည်းရေးသားသည်

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည် တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်း ပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုက်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

---

❍ *ကျောဖုံးမှ*

အခမ်းအနားကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် တိုးမြင့်ကျော်၊ ဗိုလ်မှူးချုပ် မင်းနိုင်ဝင်း၊ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ ကျောက်ဆည်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်၊ ကျောက်ဆည်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ အငြိမ်းစား ဗိုလ်မှူးကြီး မျိုးမြင့်နှင့် မြို့မိမြို့ဖ ဦးကျော်ထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**သက်မောင်(ကျောက်ဆည်)**

❑ *ကျောဖုံးမှ*

အဆိုပါ တိုင်ဖွန်းမုန်တိုင်းမတ်မိုသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း အားကောင်းသော အပူပိုင်းမုန်တိုင်း မတ်မိုအဖြစ်သို့ အားလျော့သွားနိုင်ကာ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးပြည်နယ် ကမ်းရိုးတန်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

✪ *ကျောဖုံးမှ*

ခံစစ်ကစားသမား မော်ရီနိုနှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရသည်။

ဗီလာရီးရဲအသင်းသည် ရီးရဲမက်ဒရစ်အသင်းကို ခြေရည်တူကစားနိုင်ခြင်းမရှိဘဲ ပြိုင်ဘက်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကိုသာ ပွဲချိန်တစ်လျှောက် ခုခံကာကွယ်ခဲ့ရသည်။ ဗီလာရီးရဲအသင်းဂိုးသမား တေနက်စ် အထူးလက်စွမ်းပြသနိုင်ခဲ့ပြီး ရီးရဲမက်ဒရစ်အသင်း၏ ဂိုးရရှိနိုင်သည့် အပိုင်အခွင့်အရေးများစွာကို ဟန့်တားကာကွယ်နိုင်ခဲ့သည်။

ရီးရဲမက်ဒရစ် အသင်းသည် ယခုပွဲစဉ်နိုင်ပွဲရရှိခဲ့သည့်အတွက် ဒုတိယနေရာမှ ဘာစီလိုနာအသင်းထက် တစ်ပွဲပိုကစားပြီးနှစ်မှတ်အသာ ရမှတ် ၂၁ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

အခြား ပွဲစဉ်ရလဒ်များတွင် လီဗန်တေးက အိုဗီဒိုကို နှစ်ဂိုး-ဂိုးမရှိ၊ ဂီရိုနာက ဗလင်စီယာကို နှစ်ဂိုး-တစ်ဂိုး၊ ဘီလ်ဘာအိုက မာယော့ကာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

---

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

**မော်လမြိုင် အောက်တိုဘာ ၅**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ တည်ရှိသည့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ ၅ ရက်)မှစ၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ဘုရားလာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ခုနစ်လတိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ဘုရားဖူးများလာရောက်ရာတွင် ကင်မွန်းစခန်းတောင်ခြေမှ ရင်ပြင်တော်ပေါ်သို့ တောင်တက်ကား ၁၅၂ စီး၊ ရသေ့တောင်မှ ရင်ပြင်တော်ပေါ်သို့ ကေဘယ်လ်ကား ၄၄ စီးဖြင့် အေးချမ်းစွာ လာရောက်ကြပြီး ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ပူဇော်ကန်တော့လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရန်နှင့် တည်းခိုနေထိုင်နိုင်ရေးတို့အတွက် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



## ပွင့်ဖြူမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပ

**ပွင့်ဖြူ အောက်တိုဘာ ၅**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့၌ မြို့နယ်ပညာရေးဌာနမှ ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ပဥ္စဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ် ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်ဝင်းခိုင်က ပူးတွဲပေးပို့သည့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် သဝဏ်လွှာအား ဖတ်ကြားပြီး မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းဇာမင်းက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများနှင့် မြတ်ဆရာပူဇော်ပွဲကျင်းပရေး ကော်မတီဝင်များက အပူဇော်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကို ဩကာသကန်တော့ချိုးဖြင့် ရှိခိုးပူဇော် ကန်တော့ကြရာ အပူဇော်ကန်တော့ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးကျော်ငြိမ်းက အစဉ်အလာမပျက် အာစရိယပူဇော်ပွဲ ကျင်းပပေးမှုအပေါ် ဩဝါဒစကား ပြောကြားသည်။



ယင်းနောက် မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊ မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ကြွရောက်ချီးမြှင့်သည့် အသက်(၇၀)နှစ်နှင့်အထက် အပူဇော်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၇၇ ဦးကို ဝတ္ထုငွေများဖြင့် ပူဇော်ကန်တော့ကြရာ အပူဇော် ကန်တော့ခံ ဆရာမကြီး ဒေါ်ခင်စန်းမြင့်က ဆုံးမဩဝါဒစကား ပြောကြားခဲ့သည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## တွံ့တေးမြို့နယ်၌ သီတင်းကျွတ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**တွံ့တေး အောက်တိုဘာ ၅**
ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့၏ ကျက်သရေဆောင် ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော ဆကေသာဓာတု ရေးဟောင်းသမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ယမန်နေ့ ညပိုင်းက အနယ်နယ်/အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ အထူးစည်ကားခဲ့ကြောင်း သိရသည်။

အဆိုပါ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လဆန်း ၆ ရက်မှ စတင်၍ ညနေပိုင်းတွင် ပျော်ပွဲရွှင်ပွဲများ၊ ဈေးဆိုင်များ၊ ကလေးကစားကွင်းများ၊ ပွဲတော်လာရောက်ကြသူများ ဘုရားပရိဝုဏ်အတွင်း မီးများအလှဆင် ထွန်းညှိထားကာ ဘုရားဖူးပြည်သူများ ဆီမီးများ ထွန်းညှိပူဇော်ရန် ကုသိုလ်ဒါနပြုခဲ့ကြပြီး ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်စေရန် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၊ ကျောင်းများနှင့် ရပ်ကွက်များအတွင်းရှိ လမ်းသွယ်၊ လမ်းကြား၊ လမ်းမကြီးများတွင် အလှမီးများ ထွန်းညှိခြင်း၊ စတုဒိသာကျွေးမွေးခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံ့တေး)**



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် ၄ ရပ်ကွက်ရှိ ရှစ်မျက်နှာစေတီတော်မြတ်ကြီး၌ အောက်တိုဘာ ၅ ရက် (သီတင်းကျွတ်လဆန်း ၁၄ ရက်) ညက ဘုရားဖူးလာကြသူများ၊ ဈေးသည် ဈေးဝယ်များဖြင့် စည်ကားလျက်ရှိစဉ်။

ကျော်ဆန်း



## သာစည်မြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**သာစည် အောက်တိုဘာ ၅**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၅ ရက်နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားကို ကျောင်းသား ကျောင်းသူများက မြတ်ဆရာ သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်သည်။ ထို့နောက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို မြို့နယ်ပညာရေးမှူးဦးလှထွန်းက ဖတ်ကြားသည်။ ဆက်လက်ပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့(၅)ဖွဲ့၏အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကိုဒုတိယမြို့နယ် ပညာရေးမှူး ဦးမြင့်ကျော်က ဖတ်ကြားသည်။

ထို့နောက် အသက်(၇၀)နှစ်နှင့်အထက် အငြိမ်းစား ဆရာကြီး/ဆရာမကြီး ၁၅၁ ဦးအား ပူဇော်ကန်တော့ကာ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ထက်လယ်မှုအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရေးစပ်ပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

မြို့နယ်
(ပြန်/ဆက်)

**စာ ပေ မြင့် မှ လူ မျိုး တင့် မည်**

## စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်

**နေပြည်တော် အောက်တိုဘာ ၅**
ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ပါရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒက သတိပေးနှိုးဆော်ထားသည်။

**မြန်မာ့အလင်း**

# ဇလွန်မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီး၌ သီတင်းကျွတ်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**ဇလွန် အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီး၌ သီတင်းကျွတ် ရုံးပိတ်ရက်များတွင် သီတင်းကျွတ် မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၌ သီတင်းကျွတ်မီးထွန်းပွဲတော်ကို အောက်တိုဘာ ၅ ရက်(သီတင်းကျွတ်လဆန်း ၁၄ ရက်)မှ အောက်တိုဘာ ၇ ရက် (သီတင်းကျွတ်လပြည့်ကျော် ၁ ရက်)အထိ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး ဆီမီးထွန်းညှိပူဇော်ခြင်း၊ ပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ခြင်းအပြင် လျှပ်စစ်ရောင်စုံမီးများ၊ မီးပန်းများဖြင့် အလှဆင်ကာ ဝေဝေဆာဆာဖြင့် ဘုရားဖူးပြည်သူများ ကြည်ညိုသဒ္ဓါပွားများနိုင်စေရန် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး မင်္ဂလာဆိုင်း၊ တေးဂီတဝိုင်းများဖြင့် ဖျော်ဖြေမှုများနှင့် မီးပုံးကြီးများ၊ အရုံမီးပုံများ လွှတ်တင်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)

## အင်္ဂပူမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

**အင်္ဂပူ အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အထက(အင်္ဂပူ)ငွေရွှေဝါခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၅ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့်ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားပြုလုပ်သည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ၂၀၂၅ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် သဝဏ်လွှာအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က ဖတ်ကြားသည်။ ထို့နောက်၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အထက(အင်္ဂပူ)မှ ကျောင်းသား ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် ဂုဏ်ပြုသီဆိုသည်။



အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တာဝန်ခံပညာရေးမှူး ဦးမောင်မောင်အေးနှင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

## ကျောင်းကုန်းမြို့၌ ကမ္ဘာ့ဆရာများနေ့အခမ်းအနား ကျင်းပ

ကျောင်းကုန်း အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပညာရေးမှူးရုံးရှိ မြတ်ပညာခန်းမ၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးတင်မောင်က ဖတ်ကြားပြီး ၂၀၂၅ ခုနှစ်ဆောင်ပုဒ်မှာ "ပညာရပ်များပေါင်းစုဖွဲ့လို့ သင်ကြားရေးအသွင်သစ်ကို ဖော်ဆောင်စို့"ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသောကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး အသက် ၇၀ နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီး ၁၂ ဦးတို့အား ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)



## သဲကုန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ ကျင်းပ

**သဲကုန်း အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ မြို့နယ်အဆင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောပြည့်စုံက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုး



မဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တက်ရောက်လာသော ဆရာ ဆရာမများနှင့် တပည့်ဟောင်းများက အငြိမ်းစားယူသွားခဲ့ကြသည့် အသက် ၇၅ နှစ်နှင့် အထက် ဆရာကြီး ဆရာမကြီး ၉၁ ဦးအား ပူဇော်ကန်တော့ကြပြီး အပူဇော်ကန်တော့ခံ ဆရာကြီးဆရာမကြီးများက ဆုံးမသြဝါဒစကားများ ပြောကြားကြသည်။ ဆက်လက်၍ အခြေခံပညာ အထက်တန်းကျောင်း (သဲကုန်း)မှ ကျောင်းသား ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် ပူဇော်သီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သဲကုန်းမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သော ဆရာကြီး ဆရာမကြီးများကို မြို့နယ်ပညာရေးမှူးရုံးအဖွဲ့က ဦးဆောင်ပြီး အိမ်တိုင်ရာရောက် သွားရောက်၍ ပူဇော်ကန်တော့မည်ဖြစ်ကြောင်း သိရသည်။

ကိုကျော်
(ပြန်/ဆက်)

## ကျောက်တန်းမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့အခမ်းအနားကျင်းပ

**ကျောက်တန်း အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၅ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျောက်တန်းမြို့ အလက ( မြို့မ) ကျောင်း ရွှေသံလွင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွက်ဆို ပူဇော်၍ဖွင့်လှစ်ခဲ့ပြီး ကျောက်တန်းမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်တင်တင်ဝေက မြတ်ဆရာပူဇော်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သက်ကြီးကန်တော့ခံ ဆရာကြီး ဆရာမကြီး ၉၈ ဦးအား ကန်တော့ပွဲနှင့်အတူ ဆီမီးထွန်းညှိပူဇော်ကာ ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး အလှူငွေနှင့်ကန်တော့ခံပစ္စည်းများအား လှူဒါန်းခဲ့သည်။

အခမ်းအနားကို ကျောက်တန်းမြို့နယ် မြို့နယ်ပညာရေးမှူး ဒေါ်ခင်သန်းဦး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်တင်တင်ဝေနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် သက်ကြီးကန်တော့ခံဆရာကြီး ဆရာမကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သန့်ဇင်ထွန်း



## စလင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲကျင်းပ

**စလင်း အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြင်တင်ရပ်ကွက် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းရှိ မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေး ခန်းမဆောင်၌ ယနေ့နံနက် ၉ နာရီက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် သက်ကြီးဆရာကြီး ဆရာမကြီး များအား မြတ်ဆရာပူဇော်ပွဲကို ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စလင်းမြို့နယ် မြို့နယ်ပညာရေးမှူး ဦးသိန်းငွေးက ကမ္ဘာ့ဆရာများနေ့



အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားပြီး တပည့်ဟောင်း ဆရာ ဆရာမများက အပူဇော်ခံ ဆရာကြီး ဆရာမကြီးများကို ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် အပူဇော်ခံဆရာကြီး ဆရာမကြီးများအား အပူဇော်ခံပစ္စည်းများဖြင့် ကန်တော့ကြပြီး အပူဇော်ခံဆရာများ၏ ကိုယ်စား ဆရာကြီး ဦးမောင်မောင်အေးက ကျေးဇူးတင်စကား ပြောကြားကာ သြဝါဒစကားများ ချီးမြှင့်ခဲ့သည်။ **မောင်လွင်(စလင်း)**

**ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်အံ့**

# မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ်အာစရိယပူဇော်ပွဲ အခမ်းအနားကျင်းပ



**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။(ယာပုံ)

အခမ်းအနားသို့ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦး၊ မန္တလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကန်တော့ခံ အငြိမ်းစား ဆရာကြီး ဆရာမကြီးများ၊ လက်ရှိတာဝန်ထမ်းဆောင်နေသော ဒုတိယပါမောက္ခချုပ်များ၊ ဌာနအသီးသီးမှ ပါမောက္ခ ဌာနမှူး ဆရာကြီး ဆရာမကြီးများ၊ မန္တလေး မြို့မိမြို့ဖများ၊ အငြိမ်းစားဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများနှင့် ဖွဲ့စည်းထားသော မန္တလေးတက္ကသိုလ် နှစ်(၁၀၀) ပြည့်ကျင်းပရေး ကော်မတီမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အာစရိယပူဇော်ပွဲအား မန္တလေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ ၂၀ က မြတ်ဆရာ သီချင်းဖြင့် ကန်တော့ခံဆရာကြီး ဆရာမကြီးများအား ဆီမီးထွန်းညှိပူဇော်ကန်တော့ကြပြီး မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်ပြီး အာစရိယပူဇော်ပွဲကျင်းပရေး ဆပ်ကော်မတီမှ ဆရာမကြီး ဒေါက်တာသီတာဝင်းက ကျေးဇူးတင်စကားပြောကြားပြီးနောက် မန္တလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၅ခုနှစ် အောက်တိုဘာ ၅ ရက်တွင် အသက်(၇၀)ပြည့်မည့် ဘာသာရပ်ပေါင်းစုံမှ ကန်တော့ခံအငြိမ်းစား ဆရာကြီး ဆရာမကြီး ၆၁၆ ဦးအနက် တက်ရောက်လာသော ၃၉၀ အား အာစရိယပူဇော်ကန်တော့ချိုးရွှတ်ဆို၍ ကန်တော့ခံငွေများ၊ ကန်တော့ခံပစ္စည်းအား တစ်ဦးချင်းစီ ပေးအပ်ကန်တော့ခဲ့ကြောင်း သိရသည်။

မန္တလေးတက္ကသိုလ် အာစရိယပူဇော်ပွဲ အခမ်းအနားကို အကြောင်းအမျိုးမျိုးကြောင့် ရပ်ဝေးမှ မတက်ရောက်နိုင်သော ကန်တော့ခံ အငြိမ်းစား ဆရာကြီး ဆရာမကြီး ၂၂၆ ဦးအား ကျောင်းသား ကျောင်းသူဟောင်းများနှင့် တာဝန်ရှိသူများက အိမ်တိုင်အရောက် ကန်တော့မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇော်မင်း**

---

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

---

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

---

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## သထုံမြို့နယ်၌ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသား သုံးဦး၊ အမျိုးသမီးခြောက်ဦးနှင့် ကလေးတစ်ဦး ဒဏ်ရာရ

နေပြည်တော် အောက်တိုဘာ ၅

မွန်ပြည်နယ် သထုံမြို့နယ်၌ အောက်တိုဘာ ၄ ရက်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသား သုံးဦး၊ အမျိုးသမီး ခြောက်ဦးနှင့် ကလေး(ကျား)တစ်ဦးတို့ ဒဏ်ရာရရှိသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၄ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် သထုံမြို့နယ် သိမ်ကုန်းရပ်ကွက် ရန်ကုန် - မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် ၁၅၁ မိုင် ၅ ဖာလုံ နှင့် ၆ ဖာလုံ အကြား၌ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ အမှတ် (၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဝေါမြို့နယ် သစ်စက်ရပ်ကွက်နေ ဝင်းနိုင်(၅၄)နှစ် မောင်းနှင်လာသည့် YGN - 36 71 ----- DAIHATSU HIJET မော်တော်ယာဉ်သည် သထုံမြို့ဘက်မှ မော်လမြိုင်မြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာ အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ ထန်းပင်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဝင်းနိုင်ပါ အမျိုးသားသုံးဦး၊ အမျိုးသမီး ခြောက်ဦးနှင့် ကလေး (ကျား) တစ်ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဝင်းနိုင်အား သထုံမြို့မ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။




ရဲပြန်ကြား

## မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ



မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် အောက်တိုဘာ ၅

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ အောက်တိုဘာ ၄ ရက်က လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၄ ရက်တွင် မော်လမြိုင်မြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ မြေနီကုန်းရပ်ကွက်နေ ချမ်းလင်းစိုး (ခ) သားပု (၂၁)နှစ်အားလည်းကောင်း၊ ဘီးလင်းမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ ရွှေဟသာ်ရပ်ကွက်နေ အောင်ဇော်ထွန်း (၃၁)နှစ်အားလည်းကောင်း၊ ကျိုက်ထိုမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ ကော့ထင်းကျေးရွာနေ အောင်အောင်လတ် (၄၂)နှစ်နှင့် သိမ်ဇရပ်မြို့ စန္ဒာဦးကုန်းရပ်ကွက်နေ ဇင်မင်းထွန်း (၃၉)နှစ်တို့အားလည်းကောင်း၊ ချောင်းဆုံမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ မုဒွန်းကျေးရွာနေ ဖုန်းမောင်မောင် (ခ) မောင်ဖုန်း (၂၃)နှစ်အားလည်းကောင်း၊ သံဖြူဇရပ်မြို့နယ်အတွင်း လိုင်စင်မဲ့ ဆိုင်ကယ်လက်ဝယ်ထား စီးနင်းသူ ကြံခိုင်ရေးရပ်ကွက်နေ မောင်ငို (၅၀)နှစ်အားလည်းကောင်း လိုင်စင်မဲ့ဆိုင်ကယ်များဖြင့် ဖမ်းဆီးရမိခဲ့ သဖြင့် ချမ်းလင်းစိုးပါ ခြောက်ဦးတို့အား သက်ဆိုင်ရာရဲစခန်းများ၌ ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၈ ဖြင့် အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

စစ်တွေ အောက်တိုဘာ ၅

ရခိုင်ပြည်နယ် စစ်တွေမြို့ စက်ရုံစုရပ်ကွက်နေ စောသန်းမေ၊ အောင်အောင်နှင့် သန်းလှိုင်တို့က ရခိုင်ပြည်နယ် စစ်တွေမြို့နေ အမျိုးသမီး ရှစ်ဦးတို့ကို တရုတ်ယောက်ျားယူပါက ငွေကျပ်သိန်း ၄၀ ရမည်၊ တစ်နှစ်ပေါင်းသင်းနေထိုင်ရမည်၊ ငွေများအား တရုတ်နိုင်ငံသို့ ရောက်ရှိပါက ပေးမည်၊ ခရီးစရိတ်အကုန်ကျခံပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆို၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၄၉ ရပ်ကွက်နေ ဒေါ်ခင်ကြည်နှင့် သမီးဖြစ်သူ ဝသန်မိုမိုတို့ထံ ပို့ဆောင်ပေးခဲ့ကြောင်း၊ ဒေါ်ခင်ကြည်နှင့် ဝသန်မိုမိုတို့က အမျိုးသမီး ရှစ်ဦးကို မန္တလေးမြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ပြည်ကြီးတံခွန်မြို့မရဲစခန်း(ပ) ၅၂/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ အောင်အောင်၊ သန်းလှိုင်နှင့် ဝသန်မိုမိုတို့သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဒေါ်ခင်ကြည်နှင့် စောသန်းမေတို့နှစ်ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/ ၈၈ အရ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁ ရက်တွင်ဘားအံမြို့ ဘုရားကုန်းကျေးရွာရှိ ဂိုဒေါင်နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၃ မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၁၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁ ရက်တွင် ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် ၅၃ ဒသမ ၃၂၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၉၉၁၅၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃ ရက်တွင် ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၅၈၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Corolla Station Wagon တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၅၅၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂ ရက်တွင် မော်လမြိုင်မြို့ မောင်ငံရပ်ကွက် ဈေးချိုကားကွင်းအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ကိုးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၁၅၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂ ရက်တွင် ရွှေပြည်သာမြို့နယ်နှင့် သာကေတမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃ ရက်တွင် ရပ်စောက်- ရွှေညောင်လမ်းအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၄၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Alphard တစ်စီး၊ Nissan Elegrand တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၄၄၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အောက်တိုဘာ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၇၉၀၉၅၂)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ကျွန်းစုမြို့၌ ယခုနှစ်မိုးရာသီအတွင်း စိုက်ပျိုးခဲ့သော မိုးစပါးစံကွက်များ ရိတ်သိမ်း

**ကျွန်းစု အောက်တိုဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ ယခုနှစ်မိုးရွာသီအတွင်း စိုက်ပျိုးခဲ့သော မောင်းလှော်ကျေးရွာရှိ ကွင်းအမှတ် (၃၀၈/၆၉၀) ဦးပိုင်အမှတ် (၁၆၀) တောင်သူ ဦးဝင်းနိုင်၏ မိုးစပါးစိုက်ကေ ခုနစ်ဧကအား အောက်တိုဘာ ၄ ရက်က မိုးစပါးစံကွက်ရိတ်သိမ်းသည်။

ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးအောင်နှင့် တာဝန်ရှိသူများက မိုးစပါး (ဆင်းသုခ) စံကွက် ရိတ်သိမ်းနေမှုများနှင့် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ကြည့်ရှုပြီး ရိတ်သိမ်းမှုတွင် တစ်ဧကလျှင် အစိုထွက် ၁၁၇ တင်း ထွက်ရှိသည်။

ကျွန်းစုမြို့နယ်၌ ယခုနှစ် မိုးစပါးရာသီ မိုးစပါးစိုက်ဧက ၁၃၀၁၉ ဧက စိုက်ပျိုးထားရှိရာ တစ်ဧကအထွက်နှုန်း မှန်ကန်စွာရရှိနိုင်ရေး ကောင်း၊ သင့်၊ ညံ့ ကိုယ်စားပြုအလွှာလိုက် ခွဲခြားပြုစု၍ ကွင်းအလိုက်၊ မျိုးကွဲအလိုက်၊ ရေသောက်နည်းလမ်းအလိုက် အဆိုပါကျေးရွာရှိ စံကွက်များကို ရိတ်သိမ်းမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ထက်မြင့်(ကျွန်းစု)**

## ထန်းတပင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေး

**ရန်ကုန် အောက်တိုဘာ ၅**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းလုပ်ငန်းများနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများတွင် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၅ ရက်ကလည်း အတွင်းရေကျော်ကျေးရွာသို့ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးခင်ဆွေနှင့် ဝန်ထမ်းများက အတွင်းရေကျော်ကျေးရွာတွင် ပန်းခင်းစီမံချက်(၃) ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းထုတ်ပေးခြင်းနှင့် အသက်(၁၈)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူ



များအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သော နေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့်ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## (အမြန်ရောင်းမည်)

ရန်ကုန် မန္တလေးလမ်းဟောင်းမေးတင် ပျော်ဘွယ်-မိတ္ထီလာကြား လူနေတိုက် (၂) လုံး၊ အလုပ်ရုံ (၁)ခု၊ စတိုးဆိုင် (၁)ခု ပါ။ ခြံအကျယ် ၆၅' x ၁၃၇' ရှိ အသင့်နေ ရေ/မီးအပြည့်စုံပါသော တိုက်နှင့်ခြံ အမြန်ရောင်းမည်။

**ဈေးနှုန်း** = ညှိနှိုင်း

**ဖုန်း**- 09-972828955

09-795796530

**မှတ်ချက်** ။ ။ ဝယ်ယူသူ စိတ်ချမ်းသာအောင် ရောင်းမည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(A-၄၆၃)၊ အကျယ်အဝန်း (၁၀၀x၁၀၀)၊ ဧရိယာ၀ ဒသမ ၂၂၉ ဧကရှိ မြေကွက်သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနတွင် ဦးဇာနည်လှိုင်(ဘ) ဦးစိန်လှိုင် ၁၄/ဓနဖ (နိုင်)၀၉၁၀၂၆ အမည်ဖြင့် အမည်ပေါက်ထားပြီး အမည်ပေါက်သူထံမှ ဦးစွမ်းထက်အောင် ၁၀/သထန (နိုင်)၂၁၁၇၇၃ က ဝယ်ယူပိုင်ဆိုင်ထားပြီး ဦးစွမ်းထက်အောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းယိင်းနောင့်နောင့် ၁၃/ဆဆန (နိုင်)၀၈၈၁၂၉ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေများ၏အနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ၎င်းအိမ်ဝိုင်းခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ် စာချုပ်ပြုလုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မင်း တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၀၄၀)၊ (၁၇)လမ်း၊ ပေါင်းလောင်း (၃)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်**
**ဖုန်း-၀၉-၄၂၀၇၁၈၄၄၂**

## ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန့်ဇင်ဦး(ခ)မိုဟမ္မဒ်ဟူစိန်အလီ ၁၂/ဥကတ (နိုင်)၂၁၂၈၇၇နှင့် ဇနီး ဒေါ်ဝတ်ရည်ဖြိုး(ခ)ဟာဘီဘာဘီဘီ ၁၄/မမန(နိုင်) ၂၉၇၉၇၅တို့သည် ၂၀၁၁ခုနှစ်မှစ၍ အစ္စလာမ်တရားဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ရာ သားသမီး(၂)ဦး ထွန်းကားခဲ့ပြီး ဒေါ်ဝတ်ရည်ဖြိုး(ခ)ဟာဘီဘာဘီဘီမှ မိမိအိမ်ထောင်ဘက်နှင့် ဆက်လက်ပေါင်းသင်း နေထိုင်ရန် ဆန္ဒမရှိကြောင်းနှင့် ကွာရှင်းပြတ်စဲလိုသည်ဟုဆိုကာ ၎င်းဆန္ဒဖြင့် ၂၆-၂-၂၀၂၅ရက်တွင် အိမ်ပေါ်မှဆင်းသွားခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေမှ ပြန်လာရန်ပြောဆိုသော်လည်း ပြန်လာခြင်းမရှိသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးသန့်ဇင်ဦး(ခ)မိုဟမ္မဒ်ဟူစိန်အလီ နှင့် ဒေါ်ဝတ်ရည်ဖြိုး(ခ)ဟာဘီဘာဘီဘီတို့နှစ်ဦး၏ စိတ်သဘောထားချင်းတိုက်ဆိုင်မှုမှာ ဆုံးခန်းတိုင်ကုန်ဆုံးခဲ့ပြီးဖြစ်သည့်အလျောက် ကျွန်ုပ် မိတ်ဆွေမှ ၂၆-၂-၂၀၂၅ ရက်တွင်ပင် အစ္စလာမ်တရားဥပဒေအရ သွာလက် (၃)ကြိမ်ပေး၍ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၃၅)**
**အမှတ်(၆၇)၊ တကောင်း(၄)လမ်း၊ (၅)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း - ၀၉-၉၆၄၉၃၃၅၀၇၊ ၀၉-၉၆၀၀၀၀၈၃၉**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့၊ ပန်းပဲတန်းရပ်ကွက်၊ မင်းလမ်းနေ ဦးသန်းထွဋ်ဝင်း(ဘ)ဦးစောမောင် ၇/ညလပ(နိုင်)၂၁၂၀၄၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးသန်းထွဋ်ဝင်း၏ သမီးဖြစ်သူ မကေရီမိုး ၇/ရကန(နိုင်) ၁၀၂၅၇၅သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘများအား ကိုယ်စိတ်နှစ်ပါးစိတ်ဆင်းရဲ အောင် အကြိမ်ကြိမ်ပြုမူပြီး ၎င်း၏သဘောဆန္ဒအလျောက်နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ မကေရီမိုးနှင့် ပတ်သက်၍ မိဘများနှင့်လုံးဝ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းအိသူ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၈၆)**
**အေးသစ္စာလမ်း၊ မြို့မ(၃)ရပ်ကွက်၊ ညောင်လေးပင်မြို့၊**
**ဖုန်း-၀၉-၆၇၀၆၇၄၅၅၃**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ လယ်စမ္မအုပ်စု၊ ဝမ်းပြင်ကျေးရွာနေ မောင်ဇွဲထက်နိုင်၏ဖခင် ဦးမောင်ဇော်နှင့် ဦးဇော်ဝင်း ၅/ပလန(နိုင်)၀၇၃၅၇၈မှာ အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါ ကြောင်း။

**ဦးမောင်ဇော်(ခ)ဦးဇော်ဝင်း**

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ ဦးသောင်းထွန်း- ဒေါ်သောင်းရွှေတို့၏သား အရှင်ဣန္ဒက ၁၂/သလန(သ)၀၀၁၄၈၂၏ နိုင်ငံကူးလက်မှတ် အမှတ် MB-655786 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၀၄၁၆၃

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
## သန်လျင်ခရိုင်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၅

| | | |
|---|---|---|
| ဒေါ်ဝါဝါအောင် | နှင့် | Xuancai Leather(Myanmar) Co.,Ltd(Registration No.121420023)၏ ကိုယ်စား လုပ်ပိုင်ခွင့်အာဏာ လွှဲအပ်ခြင်းခံရသူ- လီဒိုင်ဖျင်) |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ ၁၀လမ်း၊ အမှတ်(၅၃) ပထမထပ် (ညာဖက်)နေ တရားပြိုင် လီဒိုင်ဖျင်(ယခုနေရပ်မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ-၃၉အရ (၁၈-၁၀-၂၀၁၉) ရက်တွင် ချုပ်ဆိုထားသော နှစ်ဦးသဘောတူစက်မှုဇုန်မြေနှင့် အဆောက်အအုံအား (၁၀)နှစ် စာချုပ်ဖြင့် ငှားရမ်းခြင်းကတိစာချုပ်အား ဖျက်သိမ်းပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက် (၁၃၈၇ ခုနှစ် သီတင်းကျွတ်လဆုတ် ၉ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကိုကို)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**သန်လျင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၂၂

| | | |
|---|---|---|
| ၁။ ဒေါ်သီသီစိုး | နှင့် | ၁။ ဦးစောနိုင် |
| ၂။ ဦးအောင်ပိုင်ချို | | ၂။ ဒေါ်တင်တင်အေး |
| (တရားလိုများ) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ပညာတန်ဆောင်လမ်း၊ အမှတ်-၅၈၆ နေ ဦးစောနိုင်နှင့် ဒေါ်တင်တင်အေး (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင်တို့အပေါ်၌တရားလိုများက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၁ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ အမှတ်(၄-၇၀) မြေရှင် ဒေါ်စိန်ကြည်ပိုင် ဟု ခေါ်တွင်သည့် အကျယ်အဝန်း (၁၅ပေx၆၀ပေ)ရှိ ကန်ထရိုက် ဒေါ်ငွေငွေဝင်း ဆောက်လုပ်နေဆဲ နှစ်ခန်းတွဲ လေးထပ်တိုက်ရှိ မြေညီထပ် ဘယ်ဘက်အခြမ်း တိုက်ခန်းနှင့် ယင်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ငွေငွေဝင်း (ဘ) ဦးလှိုင်ဝင်း ၁၂/အစန(နိုင်)၂၈၀၁၈၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇာနည်စိုးလွင် (ဘ) ဦးစိုးလွင် ၁၂/ဒဂမ(နိုင်)၀၁၃၈၀၁ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယခုရောင်းချခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက (၇)ရက် အတွင်း ပိုင်ဆိုင်မှု အထောက်အထားနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဇာနည်စိုးလွင်** | **ဒေါ်လွင်အိန္ဒြာဖြိုး (LL.B)** |
| | **အထက်တန်းရှေ့နေ(စဉ်-၅၅၆၀၂)(၁၇-၇-၂၀၂၃)** |
| | **အမှတ်(၃၄)၊၈-လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်၊** |
| | **Ph:09-960846836** |

**အိမ်ပြင်ပဦထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## သက်ဆိုင်သူများနှင့်အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ Majestic Education Group ၏တည်ထောင်သူ ဒေါ်နန်းသဥ္ဇာအောင် ၁၂/လမန(နိုင်)၁၁၇၃၇၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နန်းသဥ္ဇာအောင်သည် Majestic (MA) ကိုယ်ပိုင်အထက်တန်းကျောင်း Majestic Dynasty(MD) ကိုယ်ပိုင်အထက်တန်းကျောင်းအား တည်ထောင်ထားပြီး ၎င်း၏ကျောင်းများသည် ကောင်းသောဂုဏ်သတင်းဖြင့် ရပ်တည်လျက်ရှိသော အမည်ပျက်မရှိအောင်မြင်နေသော ကိုယ်ပိုင်အထက်တန်းကျောင်းများ ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေနှင့် ကျွန်ုပ်မိတ်ဆွေ၏ Majestic(MA)ကိုယ်ပိုင်အထက်တန်းကျောင်း၊ Majestic Dynasty (MD) ကိုယ်ပိုင်အထက်တန်းကျောင်းတို့နှင့် ပတ်သက်၍ မဟုတ်မမှန်သော အကြောင်းအရာနှင့် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းစေသည့် အပြောအဆိုအရေးအသားများ ပြုလုပ်သူများရှိနေကြောင်း ကြားသိရပါသည်။

ကျွန်ုပ်မိတ်ဆွေနှင့်တကွ ကျွန်ုပ်မိတ်ဆွေ၏ကျောင်းပုံများ၊ မိသားစုပုံများအားအသုံးပြု၍ စာသားများ ရေးသားခြင်း၊ Postတင်ခြင်း၊ Comment ရေးခြင်း၊ Tag တွဲခြင်းများ နှင့် ကျွန်ုပ်မိတ်ဆွေ၏ ပတ်ဝန်းကျင်တွင် မဟုတ်မမှန်သော သတင်းများလွှင့်ခြင်း မပြုလုပ်ကြရန် အသိပေးတားမြစ်ပါသည်။

ထိုသို့ အသိပေးတားမြစ်နေသည်ကို လျစ်လျူရှု၍ဖြစ်စေ၊ သိရက်နှင့်ဖြစ်စေ လုပ်ဆောင်သူ မည်သူကိုမဆို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှုကိုကာကွယ်ပေးရေး ဥပဒေ၊ အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေတို့အပြင် တည်ဆဲဥပဒေများအရ အမှုဖွင့်တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်နန်းသဥ္ဇာအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်မေသိမ်း(ခ)မြတ်စုရည်**
**(LL. B, M. A (Business Law), D.B. L, D.M. L, D.I. L, D.IP. L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၁၉/၂၀၁၇)**
**အမှတ်(၂/၄၆)၊ မဟာဗောဓိလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၈၆၁၀၇**

## ကွယ်လွန်သူ ဦးဗေယျာ ၁၂/လမန(နိုင်)၀၀၉၈၁၉ ၏ ကျန်ရစ်ပစ္စည်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ အလုံခရိုင်၊စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ တကောင်းလမ်း၊ အမှတ်(၁၃)ဟု ခေါ်တွင်သော စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈-ဒီ) မြေကွက် အမှတ်- ၈၂/၇ ဂရန်မြေအမျိုးအစား၊ ဧရိယာ ၀ ဒသမ ၀၃၀ ဧကရှိ မြေပေါ်ရှိ အဆောက်အအုံ တည်ရှိရာ မြေပိုင်ဆိုင် မှု၏ (၄)ပုံ(၁)ပုံ နှင့် အဆိုပါအဆောက်အအုံ၏ ပထမထပ် (ခေါင်းရင်းခန်း) အကျယ်အဝန်း (၁၂ ၁/၂ x ၅၀)ပေတိုက်ခန်း (၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်စပ်လျဉ်း၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ အဆောက်အအုံ တည်ရှိရာ မြေကွက်သည် ဦးဗေယျာ၊ ဒေါ်သီတာ၊ ဦးမောင်မောင်ဝင်း၊ ဦးကျော်ကျော်ဆန်း တို့မောင်နှမ(၄)ဦး၏ ပူးတွဲအမည်ပေါက် မြေကွက်ဖြစ်ပါသည်။ ပူးတွဲပိုင်ဆိုင်သူ ဦးဗေယျာ ၁၂/လမန(နိုင်)၀၀၉၈၁၉ သည် ဇနီးဖြစ်သူ ဒေါ်စန်းနွဲ့၏ ပြုစုစောင့်ရှောက်မှု အောက်တွင် ၁၂-၂-၂၀၂၂ ရက်နေ့၌ ကွယ်လွန်ခဲ့ပါသည်။ ကွယ်လွန်သူ ဦးဗေယျာ တွင် ယခုကျန်ရစ်သူ ဇနီးဒေါ်စန်းနွဲ့မှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိကြောင်းနှင့် အထက်ပါ အဆောက်အအုံတည်ရှိရာ မြေကွက်၏ ပိုင်ဆိုင်မှု (၄)ပုံ(၁)နှင့် အဆိုပါအဆောက်အအုံ၏ ပထမထပ် (ခေါင်းရင်းခန်း) အကျယ်အဝန်း (၁၂ ၁/၂ x၅၀)ပေ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဦးဗေယျာ၏ဇနီး ဒေါ်စန်းနွဲ့ ၁၂/လမန(နိုင်)၀၀၉၈၄၀ မှသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်စန်းနွဲ့** | **ဒေါ်မေစန္ဒာယမုံအေး၊** |
| **၁၂/လမန(နိုင်) ၀၀၉၈၄၀** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ် (၁၃)၊ ပထမထပ်၊ ခေါင်းရင်းခန်း၊** | **(စဉ်-၁၀၂၇၇)** |
| **တကောင်းလမ်း၊ လင်းလွန်း(တောင်)** | **အမှတ်(၁)မြေညီထပ်** |
| **ရပ်ကွက်၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့** | **(ခေါင်းရင်းခန်း)၊ အင်္ဂပူလမ်း၊** |
| | **စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့** |
| | **ဖုန်း ၀၉-၅၄၀၀၂၈၂** |

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဟေမာဦး ၆/ထဝန(နိုင်)၁၁၅၆၅၁ မှ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ နဂါးနီ(၄)လမ်း၊ အမှတ်(၇၃)၊ (၁၁.၅x၅၀)ပေ အကျယ်အဝန်းရှိ အခန်း(၁)ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ဖြူဖြူဝင်း ၁၂/ဒဂတ(နိုင်)၀၃၂၉၄၆ ထံမှ ဝယ်ယူရန် စရန်ငွေအချို့ကိုပေးခဲ့ပြီး ဖြစ်သောကြောင့် အဆိုပါအခန်းနှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်ဝင်းသိန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၈၆)**
**၂၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ဆပ်သွားတောကျေးရွာ၊ ကွင်းအမှတ်-၅၁၆၊ ကွင်းအမည်-ကျောက်ဖျာတော၊ ဦးပိုင်အမှတ်-(N/9)က၊ မြေလုပ်ကိုင်သူ အမည်ပေါက်-ဦးသိန်းမြင့်၊ မြေဧရိယာ(၁ဒသမ၇၅ဧက)ရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိထားပိုင်ဆိုင်ကြောင်း၊ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ထုတ်ဖော်ဝန်ခံ၍ ဦးသိန်းမြင့် ၁၂/မရက(နိုင်)၀၉၂၄၆၈ မှ ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ကလျာရည်မွန် ၁၂/ကမရ(နိုင်)၀၅၁၃၆၁ က သဘောရိုးဖြင့် ယုံကြည်သော ကြောင့် ၂၂-၉-၂၀၂၅ ရက်စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)** | **ဦးရဲမြင့်အောင်(LL.B)** |
| **(စဉ်-၁၂၉၈၆/၂၀၁၇)** | **(စဉ်-၄၁၇၀၃/၂၀၁၃)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **ဒေါ်တင်ဇာမျိုး(LL.B)** |
| | **(စဉ်-၄၅၂၆၅/၂၀၁၄)** |
| | **(အထက်တန်းရှေ့နေများ)** |

**အမှတ်-၈၉၉၊ မြင်တော်သာလမ်းမကြီး၊ ၄/မြောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၈၀၅၁၂ ၊ ၀၉-၄၄၃၁၆၇၈၁၅။**

**အာရှရောင်ဝါ**
**အိမ်ခြံမြေမှ**
**တောင်ဒဂုံ၊ ဒဂုံဆိပ်ကမ်း**
**မြေကွက်များ ဈေးကောင်း**
**ပေးဝယ်သည်။**
(ပွဲခပေးရန်မလို)
**09-75244463**
**09-75244465**
**09-785212921**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃/၂၅၊ နန္ဒဝန်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (အင်ကြင်းလမ်း-၂၁)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေအား မြို့ မြေအမှုတွဲ အမှတ် 168 VRP 2020-2021 အရ (၂၄-၁-၁၉၉၄)မှ (၂၃-၁-၂၀၂၄)ထိ ဦးလှထွားအမည်ဖြင့် နှစ်(၃၀) မြေငှားစာချုပ်ရရှိထားသောမြေအား ဦးလှထွားအမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ၂၆-၉-၂၀၂၅ ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ၊**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ နတ်လူထိပ္ပန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၆၈၇၊ ဆားပေါက်ကုန်း)၊ ဦးပိုင်အမှတ်/(မြေကွက်အမှတ်(၁၃/၁၀၆/၁)၊ ဧရိယာ ၀ ဒသမ ၀၇၈ ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ် ၃၉၉/၂၀၁၅-၂၀၁၆အရ (၁၀-၄-၁၉၉၆)မှ (၉-၄-၂၀၂၆)ထိ ဦးစိုးမြင့်၊ ဒေါ်ခင်ဝင်းကြည်တို့ အမည်ဖြင့် နှစ်(၃၀) မြေငှားစာချုပ်ရရှိထားသောမြေအား ဦးစိုးမြင့်၊ ဒေါ်ခင်ဝင်းကြည် တို့အမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက် မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ၂၆-၉-၂၀၂၅ ရက်မှစ၍ (၁၅)ရက်နေ့အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (အောင်ချမ်းသာ (မြို့သစ်)၊ ဦးပိုင်အမှတ် (အလုံလမ်း (တ-၁)(ခ)၊ ၁၀လမ်း(တ-၁)(ခ))၊ ဧရိယာ ၀ ဒသမ ၁၄၇ ဧကရှိ မြေနေရာသည် မြို့မြေအမှုတွဲအမှတ် ၃၈၀ VRP ၂၀၁၉-၂၀၂၀ အရ ဒေါ်ဥမ္မာလွင် အမည်ဖြင့် (၁၁-၁-၁၉၉၆ မှ ၁၀-၁-၂၀၂၆ ထိ) နှစ်(၃၀) ချထားပေးသော မြေငှားစာချုပ် ဖြစ်ပြီး ၎င်းမြေငှားစာချုပ်အား ဦးဝင်းသန့်ဦး၊ ဒေါ်သင်းသင်းနွယ် အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြ နိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက် မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ၃၀-၉-၂၀၂၅ ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂) ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၇၇)ရှိ Infinity Condo ၏ Basement (၃)ထပ်+(၂၈)ထပ်တိုက် ကွန်ဒိုအဆောက်အအုံရှိ အကျယ်အဝန်း (၄၃၉၉)စတုရန်းပေရှိသော အခန်းအမှတ် B-26-03/3A အား KHG Development Company Limited ၏ မန်နေးဂျင်းဒါရိုက်တာ ဦးကြည်စိုး ၁၂/လသန(နိုင်)၀၁၅၇၃၂ ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ် ဦးသန်းထွန်း ၁၂/လသန(နိုင်)၀၁၂၉၆၁ ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းထွန်း ၁၂/လသန(နိုင်)၀၁၂၉၆၁**
**ဖုန်း-၀၉-၅၄၁၄၂၁၀**

## သက်ဆိုင်မှုမရှိတော့ကြောင်း အများသိစေရန်

ကျွန်မနှင့် ဦးဇင်မင်းထက် (၁၂/ဥကမ (နိုင်) ၂၅၆၆၅၄) သည် (၁၁-၁၀-၂၀၂၀) ရက်နေ့တွင် ပန်းတောင်းမြို့နယ်၊ ကွင်းလှအုပ်စု၊ အုပ်ချုပ်ရေးမှူး ဦးအောင်နိုင် ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ထိမ်းမြားမင်္ဂလာ ကတိသစ္စာပြုလွှာဖြင့် စာချုပ်ချုပ်ဆို၍ လက်ထပ်ပေါင်းသင်းခဲ့ပါသည်။ သို့ပါသော်လည်း လက်ထပ်ပြီးချိန်မှစ၍ ကျွန်မအား ဇနီးမယားတစ်ယောက်အနေဖြင့် ကျွေးမွေးစောင့်ရှောက်ပေါင်းသင်းမှုမရှိဘဲ (၂၅-၅-၂၀၂၂) ရက်နေ့၌ စွန့်ခွာ၍ ထွက်သွားခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်မ ဒေါ်တင်ဇာဝင်းနှင့် ဦးဇင်မင်းထက်တို့သည် လင်မယားအဖြစ် ပတ်သက်မှုမရှိတော့ပါကြောင်းနှင့် လုံးဝပတ်သက် သက်ဆိုင်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်ဇာဝင်း**
**၇/ပတန (နိုင်) ၁၆၀၆၇၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၃၊ ဦးပိုင်အမှတ် ၇၃/၅၇x၅၈ လမ်းကြား၊ ၁၀၁x၁၀၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရာကျော် ၉/မရမ(နိုင်)၀၄၄၃၄၂ က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် စစ-၁၂၊ ဦးပိုင်အမှတ် ၃၅/၄၇x၄၈ လမ်းကြား၊ ၁၀၅x၁၀၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းမြင့် ကွယ်လွန်၍ အမွေဆက်ခံ စာချုပ်အမှတ်(၁၈၀၉/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဦးမြင့်စိုးအောင် ၅/ဝလန(နိုင်)၁၂၆၃၁၂၊ ဒေါ်မြင့်မြင့်ခိုင် ၉/ခအဇ(နိုင်)၀၃၉၆၃၀တို့က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်စစ-၂၊ ဦးပိုင်အမှတ် ၉၁/၅၈x၅၉လမ်းကြား၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင် ၉/မနမ(နိုင်)၀၆၉၈၃၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၄၉၊ ဦးပိုင်အမှတ် ၁၄/၅၃x၅၄ လမ်းကြား၊ ဗထူးနှင့် အောင်ဆန်းလမ်းကြားရှိ ဦးရန်နိုင်ထွန်းအမည်ပေါက်ဂရန်မြေကွက်အား တရားလို ဒေါ်သန်းသန်းရွှေက တရားပြိုင် ဦးရန်နိုင်ထွန်းအပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် မဟာအောင်မြေခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၉၆/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်သန်းသန်းရွှေ ၉/ပကခ(နိုင်)၀၀၂၄၀၇ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၇၃ယ/၄၅၈၉၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4N/6810 ယာဉ်အမည်ပေါက်သူ ဦးသိန်းကျော် ၉/မခန(နိုင်)၁၅၁၂၁၄ မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန**
**ခရိုင်ရုံး(မြင်းခြံ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/4523 ယာဉ်အမည်ပါက်သူ ဦးသန့်ဇင်ဝင်း ၉/ကပတ(နိုင်)၁၆၉၅၈၁ မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန**
**ခရိုင်ရုံး(မြင်းခြံ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၄၉၊ ဦးပိုင်အမှတ် ၅/၅၃x၅၄လမ်းကြား၊ ဗထူးနှင့် အောင်ဆန်းလမ်းကြားရှိ ဦးတင်ထွဋ်အောင် အမည်ပေါက်ဂရန်မြေကွက်အား တရားလို ဒေါ်သန်းသန်းရွှေက တရားပြိုင် ဦးတင်ထွဋ်အောင်၊ ဦးထွန်းနိုင်(ခ)ဝင်းလှိုင် တို့အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် မဟာအောင်မြေခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၉၇/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်သန်းသန်းရွှေ ၉/ပကခ(နိုင်)၀၀၂၄၀၇က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

